မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား(ပခုက္ကူ)ကို ကားလမ်းပြီးစီးချိန်တွင် ရထားလမ်းပါ တစ်ပြိုင်တည်းပြီးစီးအောင်ဆောင်ရွက်

လုပ်ငန်းပမာဏကြီးမား၍ အရည်အသွေးကောင်းမွန်ခိုင်ခံ့မှုအပိုင်းကို အလေးထားလုပ်ကိုင်

ငွေကုန်သက်သာ၍ ငလျင်ဒဏ်၊ သဘာဝဘေးဒဏ်ခံနိုင်အောင်ပါ ထည့်သွင်းစဉ်းစား၍ ကြိုတင်ကာကွယ်မှုများလုပ်ဆောင်

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်၌ ကြိုဆိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

ဧရာဝတီတံတား(ပခုက္ကူ) လက်ပန်ခြေပေါ်ဘက်ကမ်း တံတားတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

26-4 (01).pmd 1 4/26/2011, 3:32 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဧပြီ ၂၆ ရက်)

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများ လက်တွဲပါဝင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် စုစည်းနေထိုင်လာခဲ့သည်မှာ နှစ်ပေါင်း ထောင်ချီတိုင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း ရေခြား၊ မြေခြားဖြစ်နေကြသည့် ဒေသများကို တစ်ဆက်တစ်စပ်တည်း ဖြစ်လာစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၁၁)ကို ဧပြီလ ၂၃ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "နယ်စပ်ဒေသများတွင် တစ်ဖက်နိုင်ငံကို အထင်ကြီး အားကိုးသည့်စိတ်များ ပျောက်အောင်၊ တစ်ဖက်နိုင်ငံထက်သာလွန် ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုယ့်နိုင်ငံ ကိုယ့်ဒေသအပေါ် ချစ်ခင်မြတ်နိုးပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့်အတူ ယုံယုံကြည်ကြည် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လာအောင်၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေလိုသည့် မိမိတို့၏စေတနာကို နားလည်သဘောပေါက် ယုံကြည်လက်ခံလာအောင် မိမိတို့ လက်တွေ့လုပ်ကိုင်ပြသကြရန်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ရေခြား၊ မြေခြားဖြစ်နေသည့်ဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်ရန်၊ အပြန်အလှန် ကူးသန်းသွားလာဆက်သွယ်နိုင်ရန် လမ်း၊ တံတားများကို ဖောက်လုပ်ပေးခဲ့သည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းဖြင့် အချင်းချင်းအပြန်အလှန် ဆက်သွယ်ကူးသန်းလာကြရာမှ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်လာမည်ဖြစ်သည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာအပြင် အဆင့်မြင့်ပညာကိုပါ ဆည်းပူးနိုင်ရေးအတွက် ရန်ကုန်နှင့်မန္တလေးမြို့များတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ရေမြေသယံဇာတ၊ သဘာဝအရင်းအမြစ်များ မတူ ကွဲပြားခြားနားမှုရှိကြသော်လည်း ဆူကြို နိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှနည်းရန် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအသီးသီးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများက မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူပူးပေါင်း လက်တွဲပါဝင်သွားပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွာချင်းဆက်ချောင်းကူးတံတား ပန်းတနော်မြို့နယ်၌ဖွင့်

ပန်းတနော် ဧပြီ ၂၅

ပန်းတနော်မြို့နယ် မရမ်းကျေးရွာအုပ်စု သရက်ငူကျေးရွာနှင့် ဇရပ်လှကြီးကျေးရွာအုပ်စု ဇရပ်လှကြီးကျေးရွာတို့ ရွာချင်းဆက်ချောင်းကူးတံတား ဖွင့်ပွဲကို ဧပြီ ၁၁ရက် နံနက် ၉ နာရီက အဆိုပါတံတားထိပ်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦး၊ မရမ်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်လတ်၊ ဇရပ်လှကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မြနှင့် အလှူရှင် သရက်ငူ ကျေးရွာနေ ဦးညဏ်သိုင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အရှည်ပေ

အဆိုပါ ချောင်းကူးတံတားမှာ အရှည်ပေ ၁၂၀၊ အကျယ် ကိုးပေ၊ အမြင့် ၅၂ ပေရှိပြီး သံကူကွန်ကရစ်(ခုံတုံး) သံရက်မ သစ်သားခင်းတံတားဖြစ်ကာ တံတားတန်ဖိုးမှာ ငွေကျပ်သိန်း ၂၀၀ ခန့် ကုန်ကျခဲ့ကြောင်း သိရှိရသည်။ (၁၄၃)

ကွင်းဆင်းစစ်ဆေး

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် မီးသတ်ဝန်ထမ်းများ မီးငြိမ်းသတ်ရေး သရုပ်ပြဆောင်ရွက်မှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဧပြီ ၈ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အထက (၄) တာမွေ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

အထက(၄)တာမွေ (မိန်းကလေး)ကျောင်း၏ မြတ်ဆရာပူဇော်ကန်တော့ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့)တွင် ကျင်းပမည်ဖြစ်ရာ ၁၉၆၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အသက်(၆၀)ပြည့်ပြီး ကန်တော့ခံဆရာမကြီးများနှင့် ကန်တော့ကြမည့် ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိူးဆော်ထားကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၂၅

၂၀၁၁ ခုနှစ် မေ ၉ ရက်မှ ၁၃ ရက်အထိ တူရကီနိုင်ငံ အစ္စတန်ဘူမြို့၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ The Global Business Partnership Forum and Trade Fair ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲသို့ အသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်မည် ဖြစ်သည်။

တွေ့ဆုံဆွေးနွေး

အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ဆောင်ရွက်လုပ်ကိုင်နိုင်မည့် စီးပွားရေးအခွင့်အလမ်းများဆိုင်ရာကိစ္စ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စတို့နှင့် စပ်လျဉ်း၍ ဧပြီ ၅ ရက်က ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဦးထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုး၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်နှင့် ဦးမျိုးသန့်တို့အား တူရကီနိုင်ငံ TUSK- ON မှ Mr. Sait Celik, Assistant Representative Myanmar လာရောက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့်သီးနှံစိုက်ဧက မှန်ကန်ရေး လှည်းကူး၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး နယ်မြေတာဝန်ခံ ညွှန်ကြားရေးမှူး ဦးသန်းသည် လှည်းကူးမြို့နယ်၌ ဧပြီ ၁၉ ရက်က နယ်မြေခံဝန်ထမ်းများအပါအဝင် တိုင်းဒေသကြီးအတွင်းမှ စုဖွဲ့ဝန်ထမ်းအင်အား ၁၁၄ ဦးအား တွေ့ဆုံ၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်နည်းလမ်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

ကြီးကြပ်ဆောင်ရွက်

ထို့အတူ မွန်ပြည်နယ် နယ်မြေတာဝန်ခံ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် မုဒုံမြို့နယ်တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစောလှိုင်သည် ညောင်တုန်းမြို့နယ်တွင်လည်းကောင်း ဧပြီ ၂၁ ရက်က မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြေစာရင်းဦးစီးဌာန)

ခြင်ဆေးမီးပွား သတိမထားက စီးပွားဥစ္စာကုန်လိမ့်မည်

❖ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ပခုက္ကူ) ပင်မတံတား (လက်ပန်ခြေပေါ်ဘက်ကမ်း)၌ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် မီတာ ၁၇၉၀ အနက် ၅၆၃ မီတာ ပြီးစီးနေမှု၊ သံပေါင် ၁၅ ခန်း အနက် ၄ ဒသမ ၈ ခန်း တပ်ဆင်ပြီးဖြစ်၍ ၃၁ ဒသမ ၄၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းအတွက် လိုအပ်သော သံပေါင်စုစုပေါင်း ၃၁၃၄၆ ဒသမ ၁၂ တန် လုပ်ငန်းခွင်သို့ အပြည့်အဝရောက်ရှိမှု၊ စီမံကိန်းအတွက်လိုအပ်သော အဓိက ပစ္စည်းများရရှိမှုနှင့် ငွေကြေးရရှိမှုနှင့် သုံးစွဲမှုအခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဦးခင်မောင်မြင့်က တည်ဆောက်ဆဲ ဧရာဝတီမြစ် ဖြတ်တံတား ငါးစင်းအနက် ဧရာဝတီတံတား(စင်းခန်း)၊ ဧရာဝတီ တံတား (မလွန်)၊ ဧရာဝတီတံတား(ရတနာသိင်္ဃ)နှင့် ဧရာဝတီတံတား (ညောင်တုန်း) တို့ကို တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

မလွဲမသွေ ကြုံတွေ့ရနိုင်ကြောင်း၊ ပြီးစီးနိုင်မည့်တံတားများကို ပြီးစီးသင့်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဧရာဝတီတံတား(ပခုက္ကူ)ကို ကားလမ်းပြီးစီးချိန်တွင် ရထားလမ်းပါ တစ်ပြိုင်တည်းပြီးစီးအောင် အချိန်ကိုက်လုပ်ဆောင်သွားရန်နှင့် ဧရာဝတီတံတား (ပခုက္ကူ)နှင့် ဧရာဝတီတံတား(ညောင်တုန်း)တို့ကို သတ်မှတ်ကာလတွင် ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တံတားကြီးများ တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြောင်း။

အလေးထားဆောင်ရွက်

သို့ရာတွင် အချိန်ကြာမြင့်သည်နှင့်အမျှ ငွေကြေးကုန်ကျမှု များပြားမည် ဖြစ်သည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ လုပ်ငန်းပမာဏကြီးမား၍ အရည်အသွေးကောင်းမွန် ခိုင်ခံ့မှုအပိုင်းကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တံတားကြီးဖြစ်တည်လာသည်သာမက မိမိတို့ဝန်ထမ်းများ တံတား တည်ဆောက်မှု နည်းပညာများ တိုးတက်ရရှိအောင် စီမံသွားကြရန်လိုကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား(ပခုက္ကူ) ပခုက္ကူဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်၌ ပခုက္ကူမြို့မှ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပင်မတံတား(ပခုက္ကူဘက်ကမ်း)၌ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၁၆၉၄ မီတာအနက် ၁၈၅ မီတာ ပြီးစီးနေမှု၊ သံပေါင် ၁၅ ခန်းအနက် ၁ ဒသမ ၈ ခန်းတပ်ဆင်ပြီးဖြစ်၍ ၁၀ ဒသမ ၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ စုစုပေါင်းသံပေါင်အခန်း ၃၀ အနက် ၆ ဒသမ ၆ ခန်း တပ်ဆင်ပြီးဖြစ်၍ စုစုပေါင်း ၂၁ ဒသမ ၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ ယနေ့အထိ သံပေါင် တပ်ဆင်ခြင်း ပင်မတံတားတစ်ခုလုံး ၇၅ ဒသမ ၁၅ ရာခိုင်နှုန်းပြီးစီးနေမှု၊

ရှင်းလင်းတင်ပြ

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဧရာဝတီတံတား (ပခုက္ကူ) ချဉ်းကပ်ရထားလမ်းအူကြောင်းနေရာ၊ ချဉ်းကပ်ရထားလမ်းများ၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ချဉ်းကပ်ရထားလမ်း လျှာထားတံတားစာရင်း၊ ချဉ်းကပ်ရထားလမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ချဉ်းကပ်ရထားလမ်း လက်ပန်ခြေပေါ်နှင့် ပခုက္ကူဘက်ကမ်းတို့၌ Under Pass တံတားတည်ဆောက်မှုအခြေအနေ၊ ဧရာဝတီတံတား (ပခုက္ကူ) ချဉ်းကပ်ရထားလမ်းများ ဖောက်လုပ်ခြင်းနှင့် ဆက်စပ်ရထားလမ်းများ တည်ဆောက်ပြီးစီးပါက မြန်မာ့မီးရထားလမ်းကွန်ရက်များနှင့် ဆက်သွယ်သွားလာနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ယခုကဲ့သို့ တံတားကြီးများ တည်ဆောက်ရာ၌ အခက်အခဲအချို့ကို

ဧရာဝတီတံတား (ပခုက္ကူ) ပင်မတံတား အရှည် ၁၁၄၁၁ ပေ၊ ကားလမ်းတံတား အရှည် စုစုပေါင်း ၁၃၅၃၇ပေ၊ မီးရထားလမ်း တံတားအရှည် စုစုပေါင်း ၂၀၅၉၇ ပေဖြစ်။

ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၁၃၇၈ ပေ၊ လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၇၂၈ ပေ၊ ပခုက္ကူ ဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း) အရှည်ပေ ၅၄၂၀ ၊ လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ် တံတား (မီးရထားလမ်း) အရှည် ၃၇၄၆ ပေဖြစ်။

ဧရာဝတီတံတား(ပခုက္ကူ) တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

တံတားတည်ဆောက်ရန် ကြိုတင်တွက်ချက်ရာတွင် မမျှော်လင့်ဘဲ ဖြစ်ပေါ်တတ်သည့် ငလျင်ဒဏ်၊ သဘာဝဘေးဒဏ်ခံနိုင်အောင်ပါ ထည့်သွင်းစဉ်းစား၍ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရန်လိုကြောင်း၊ တံတားကြီးများ မြန်မြန်ပြီးစီးလျှင် ပြည်သူများ စောစီးစွာ အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ပြီး စီမံကိန်းဝင်လုပ်ငန်းကြီးများ တစ်ခုပြီးတစ်ခု ပြီးစီးသွားသည်နှင့်အမျှ တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ မြန်မြန်ပြီးချင်ဇောဖြင့် လုပ်ဆောင်ရာတွင် ခိုင်ခံ့မှုနှင့် အရည်အသွေး မထိခိုက်စေရန်လည်း သတိပြုဆောင်ရွက်ကြရန်လိုကြောင်းနှင့် ဤတံတားကြီး ပြီးစီးအောင်မြင်ပါက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို အသိအမှတ်ပြု၍ ထိုက်သင့်သလို ချီးမြှင့်ရန်၊ ဆုပေးဒဏ်ပေးစနစ်ဖြင့် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တံတားတည်ဆောက်ရေး၌ ပါဝင်ဆောင်ရွက်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဧရာဝတီတံတား (ပခုက္ကူ)၏ ပင်မတံတားသံပေါင် တပ်ဆင်နေမှုကို စီမံကိန်းလုပ်ငန်းခွင်ရှုရပ်မှနေ၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လက်ပန်ခြေပေါ်ဇက်ဆိပ်မှ အထူးရေယာဉ်ဖြင့် ပခုက္ကူဘက်ကမ်းသို့ ရောက်ရှိပြီး ဧရာဝတီတံတား (ပခုက္ကူ) ပခုက္ကူဘက်ကမ်းစီမံကိန်းရှင်းလင်းဆောင်၌ တံတားစီမံကိန်းမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ပခုက္ကူဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ် ဦးရွှေလေးက ပခုက္ကူဘက်ကမ်း နေရာ ခြောက်နေရာ၌ တစ်ပြိုင်တည်း သံပေါင်တပ်ဆင်နေမှု အခြေအနေ၊ ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား ကားလမ်းနှင့် ရထားလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပခုက္ကူမြို့မှ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပခုက္ကူမြို့သည် မြန်မာပြည်အထက်ပိုင်းဒေသ ထွက်ကုန်သီးနှံများကို အဓိကရောင်းဝယ်ဖောက်ကားလျက်ရှိသည့် မြို့တစ်မြို့ဖြစ်ရာ လမ်း၊ တံတားကြီးများ တည်ဆောက်ပြီးစီးသွားပါက လုပ်ငန်းများ ပိုမိုတွင်ကျယ်လာပြီး ဒေသသည်လည်း ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်က အဓိကကျသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိပြီး ဆက်လက်၍လည်း တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများက အဆိုပါ အခြေခံအဆောက်အအုံများကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချ၍ မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားအားပေးသည်။

ဧရာဝတီတံတား(ပခုက္ကူ) ပခုက္ကူဘက်ကမ်း တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

- **ဧရာဝတီမြစ်ဖြတ်ကျော်တံတားကြီးများအနေဖြင့် တည်ဆောက်ပြီး တံတား ကိုးစင်းနှင့် တည်ဆောက်ဆဲတံတား ငါးစင်း စုစုပေါင်းတံတား ၁၄ စင်း ရှိမည်။**
- **တည်ဆောက်ဆဲ ဧရာဝတီမြစ်ဖြတ်ကျော်တံတားကြီး ငါးစင်းမှာ ဧရာဝတီတံတား (ပခုက္ကူ)၊ ဧရာဝတီတံတား (ညောင်တုန်း)၊ ဧရာဝတီတံတား (မလွန်)၊ ဧရာဝတီတံတား (ရတနာသိဃ်)နှင့် ဧရာဝတီတံတား (စင်းခန်း)တို့ဖြစ်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီမံကိန်းလုပ်ငန်းခွင် ရှုရပ်မှနေ၍ ဧရာဝတီတံတား(ပခုက္ကူ) ပင်မတံတားသံပေါင် တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား (ပခုက္ကူ)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီတံတား (ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်း တည်ရှိသည်။

ပင်မ တံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းတံတားအရှည် စုစုပေါင်း ၁၃၅၃၇ပေ၊ မီးရထားလမ်း တံတားအရှည် စုစုပေါင်း ၂၀၅၉၇ ပေ ဖြစ်သည်။ ပခုက္ကူ ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၁၃၇၈ ပေ၊ လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ်တံတား(ကားလမ်း)အရှည် ၇၂၈ ပေ၊ ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း) အရှည်ပေ ၅၄၂၀ ၊ လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း) အရှည် ၃၇၄၆ ပေ ဖြစ်သည်။

တံတားပေါ်တွင် နှစ်လမ်းသွားကားလမ်း အကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၃လက်မစီ ပါဝင်ပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၂၆၂ပေနှင့် အမြင့် ၅၂ပေ ဖြစ်သည်။

အကြီးဆုံးနှင့် အရှည်ဆုံး

တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန် ခံနိုင်ဝန်ရှိပြီး မြန်မာနိုင်ငံအတွင်း တည်ဆောက်ပြီး တံတားများအနက် အကြီးဆုံးနှင့် အရှည်ဆုံးတံတားတစ်စင်းဖြစ်သည်။

တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တံတားတစ်စင်းလုံး၏ ၇၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ တံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် India- Myanmar- Thai Tripartite Highway လမ်းမကြီးပေါ်ထွန်းလာပါက ယင်းလမ်းမကြီးပေါ်တွင် တည်ရှိနေမည် ဖြစ်သည်။

အလွယ်တကူ

တံတားကြီးပြီးစီးသွားပါက ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ပခုက္ကူမြို့နှင့် အရှေ့ဘက်ခြမ်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

ဧရာဝတီမြစ်ဖြတ်ကျော်တံတားကြီးများအနေဖြင့် တည်ဆောက်ပြီး တံတား ကိုးစင်းနှင့် တည်ဆောက်ဆဲတံတား ငါးစင်း စုစုပေါင်းတံတား ၁၄ စင်း ရှိမည်ဖြစ်ကြောင်းသိရသည်။ တည်ဆောက်ဆဲ ဧရာဝတီမြစ်ဖြတ်ကျော်တံတားကြီး ငါးစင်းမှာ ဧရာဝတီတံတား (ပခုက္ကူ)၊ ဧရာဝတီတံတား (ညောင်တုန်း)၊ ဧရာဝတီတံတား (မလွန်)၊ ဧရာဝတီတံတား (ရတနာသိဃ်)နှင့် ဧရာဝတီတံတား(စင်းခန်း)တို့ဖြစ်ကြသည်။

တည်ဆောက်ပြီး ဧရာဝတီမြစ်ဖြတ်ကျော်တံတားကြီး ကိုးစင်းမှာ ဗလမင်းထင်တံတား၊ အင်းဝတံတား၊ နဝဒေးတံတား၊ အနော်ရထာတံတား၊ ဧရာဝတီတံတား (မကွေး)၊ ဧရာဝတီတံတား(ရတနာပုံ)၊ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား နှင့် ဒေးဒရဲတံတားတို့ ဖြစ်ကြသည်။ **(သတင်းစဉ်)**



◆ *ကျောဖုံးမှ*

ဆက်လက်ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်း မြို့နယ်ရှိ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ဧရာဝတီတံတား(ညောင်တုန်း)မှ ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ညောင်တုန်း) ပင်မတံတား သံပေါင်တပ်ဆင်ခြင်းဆောင်ရွက်ရန် ၂၂၅၆ မီတာအနက် ၇၅၇ မီတာ ပြီးစီးနေမှု၊ သံပေါင် အခန်း ၂၀ အနက် ၇ ခန်း တပ်ဆင်ပြီးဖြစ်၍ ၃၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ ယခုအခါ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ၅ နေရာ တစ်ပြိုင်တည်းတပ်ဆင်နေမှု၊ တံတားစီမံကိန်းလုပ်ငန်းများ ၇၇ ရာခိုင်နှုန်း ပြီးစီးနေမှု၊ ပုသိမ်ဘက်ခြမ်းနှင့် ရန်ကုန်ဘက်ခြမ်းတို့တွင် ချဉ်းကပ်တံတားကားလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းအတွက် လိုအပ်သော သံပေါင် ၁၉၇၀၅ ဒသမ ၈၈၃ တန် လုပ်ငန်းခွင်သို့ အပြည့်အဝရောက်ရှိမှု၊ စီမံကိန်းအတွက် လိုအပ်သော စက်ယန္တရားများနှင့် အဓိကပစ္စည်းများရရှိမှု၊ ငွေကြေးရရှိမှုနှင့် သုံးစွဲမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသော စီမံကိန်း ၁၃ ခု၊ စုစုပေါင်း ၂၂၅၅ မိုင်အနက် ၄၆၄ မိုင်ဖွင့်လှစ်ခဲ့ပြီး ကျန်ရှိသော ရထားလမ်းပိုင်းများကို ဆက်လက်ဆောင်ရွက်နေမှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖောက်လုပ်လျက်ရှိသော ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်း ၈၉ မိုင်နှင့် ဟင်္သာတ-ဓနုဖြူ-စကြော့(ညောင်တုန်း) ရထားလမ်း ၄၈မိုင် တို့ကို ဆောင်ရွက်နေမှု၊ ဧရာဝတီတံတား(ညောင်တုန်း) ချဉ်းကပ်ရထားလမ်း ရန်ကုန်ဘက်ခြမ်းနှင့် စကြော့ဘက်ခြမ်းဖောက်လုပ်နေမှု၊ ပုသိမ်(ဘဲဂရက်)- အိမ်မဲ-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်း ၈၉ မိုင်အနက် ပုသိမ် (ဘဲဂရက်)-အိမ်မဲလမ်းပိုင်း မိုင် ၂၀ ကို ၂၀-၃-၂၀၁၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဆားမလောက်-ညောင်တုန်း-စကြော့ ရထားလမ်းပိုင်း ၂၀ ဒသမ ၁၃ မိုင်နှင့် အိမ်မဲ-ပန်းတနော် ရထားလမ်းပိုင်း ၂၁ ဒသမ ၅၀ မိုင်ကို သတ်မှတ်ကာလတွင် ပြီးစီးရေး စီမံဆောင်ရွက်ထားရှိမှုနှင့် မဟာဗျူဟာ အမှတ်(၃) ရထားလမ်းမကြီး ဖြစ်သည့် ကလေး-ပခုက္ကူ၊ ပခုက္ကူ-ကြံခင်း၊ ကြံခင်း-ဟင်္သာတ၊ ဟင်္သာတ-စကြော့ (ညောင်တုန်း) နှင့် စကြော့-လှိုင်သာယာ စုစုပေါင်း မိုင် ၇၀၀ တစ်ဆက် တစ်စပ်တည်းပြီးစီးရေး အတွက် ဦးစားပေးဆောင်ရွက်နေ။

ရှင်းလင်းတင်ပြ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဧရာဝတီတံတား(ညောင်တုန်း) စီမံကိန်း ရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသော စီမံကိန်း ၁၃ ခု၊ စုစုပေါင်း ၂၂၅၅ မိုင်အနက် ၄၆၄ မိုင်ဖွင့်လှစ်ခဲ့ပြီး ကျန်ရှိသော ရထားလမ်းပိုင်းများကို ဆက်လက်ဆောင်ရွက်နေမှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖောက်လုပ်လျက်ရှိသော ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်း ၈၉ မိုင်နှင့် ဟင်္သာတ-ဓနုဖြူ-စကြော့(ညောင်တုန်း) ရထားလမ်း ၄၈ မိုင်တို့ကို ဆောင်ရွက်နေမှု၊ ဧရာဝတီတံတား(ညောင်တုန်း) ချဉ်းကပ်ရထားလမ်း ရန်ကုန်ဘက်ခြမ်းနှင့် စကြော့ဘက်ခြမ်းဖောက်လုပ်နေမှု၊ ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ၈၉ မိုင်အနက် ပုသိမ်(ဘဲဂရက်)-အိမ်မဲလမ်းပိုင်း မိုင် ၂၀ ကို ၂၀-၃-၂၀၁၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဆားမလောက်-ညောင်တုန်း-စကြော့ ရထားလမ်းပိုင်း ၂၀ ဒသမ ၁၃ မိုင်နှင့် အိမ်မဲ-ပန်းတနော် ရထားလမ်းပိုင်း ၂၁ ဒသမ ၅၀ မိုင်ကို သတ်မှတ်ကာလတွင် ပြီးစီးရေး စီမံဆောင်ရွက်ထားရှိမှုနှင့် မဟာဗျူဟာ အမှတ်(၃) ရထားလမ်းမကြီး ဖြစ်သည့် ကလေး-ပခုက္ကူ၊ ပခုက္ကူ-ကြံခင်း၊ ကြံခင်း-ဟင်္သာတ၊ ဟင်္သာတ-စကြော့(ညောင်တုန်း)နှင့် စကြော့-လှိုင်သာယာ စုစုပေါင်း မိုင် ၇၀၀ တစ်ဆက်တစ်စပ်တည်းပြီးစီးရေးအတွက် ဦးစားပေးဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်နေမှုနှင့် ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်ရာတွင် လွတ်ကင်းမှုမရှိသည့် အိမ်ရာအချို့ ရွှေ့ပြောင်းရခြင်းအတွက် တန်ဖိုးနည်းအိမ်ရာများ ပြန်လည်ချထားပေးရန် စီမံဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသည် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းလောက် လုပ်ငန်းပမာဏများပြားမှုမရှိခြင်း၊ ပစ္စည်းများသယ်ယူပို့ဆောင်မှု ပိုမိုလွယ်ကူခြင်းတို့ကြောင့် ဧရာဝတီတံတား(ပခုက္ကူ)ထက် ဆောလျင်စွာ ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ တံတားများ စောစောဖွင့်လှစ်နိုင်ပါက ပြည်သူများ စောစီးစွာ အကျိုးကျေးဇူးခံစားရမည်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် စီမံကိန်းကြီးများကို နှစ်နှစ် သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့အစိုးရလက်ထက်တွင် စီမံကိန်းအသစ်များ အကောင်အထည်ဖော်ရာတွင် အဆင်ပြေမည်ဖြစ်ကြောင်း၊ စီမံကိန်းအသစ်များ ***စာမျက်နှာ ၆ ကော်လံ ၁ သို့***

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

26-4 (05).pmd 1 4/26/2011, 3:32 AM

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား(ညောင်တုန်း) စီမံကိန်း ရှင်းလင်းဆောင်ရွက်ရပ်မှ ပင်မတံတား သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

အကောင်အထည်ဖော် ဆောင်ရွက်သကဲ့သို့ ယခင်တည်ရှိပြီးဖြစ်သော လမ်း၊ တံတားများကိုလည်း အစဉ်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်း မွမ်းမံသွားကြရန် လိုအပ်ကြောင်း၊ ငွေကြေးသုံးစွဲမှုတွင် ခြိုးခြံချွေတာ၍ မကုန်သင့်သည်ကို ကုန်ကျမှုမရှိစေရေး စီမံဆောင်ရွက်သွားရန်၊ ရေစီးကြောင်း ပြောင်းလဲမှုကြောင့် တံတားများ ထိခိုက်ပျက်စီးခဲ့သည့် သာဓကရှိသဖြင့် ယင်းသို့မဖြစ်စေရေး ကြိုတင်တွက်ချက် ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် တံတားကြီးကို သတ်မှတ်ကာလတွင် ကားလမ်းရော ရထားလမ်းပါ တစ်ပြိုင်တည်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တံတားတည်ဆောက်ရေး၌ ပါဝင်ဆောင်ရွက်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ဝိုင်းဝန်းထိန်းသိမ်း

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဧရာဝတီတိုင်းဒေသကြီးသည် ယခင်က တစ်နေရာမှတစ်နေရာသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့ကြောင်း၊ ရန်ကုန်မြို့မှ ဧရာဝတီတိုင်းဒေသကြီးသို့သွားလျှင် ကားတစ်တန်၊ ရထားတစ်တန်၊ သင်္ဘော၊ စက်လှေတစ်တန်ဖြင့် သွားရသဖြင့် အချိန်များစွာ ကြန့်ကြာမှုရှိခဲ့ကြောင်း၊ ယခုအခါ လမ်းတံတားကြီးများ ဖောက်လုပ်ပေးပြီးဖြစ်၍ တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း၊ နောင်တွင် ယခုထက်ပို၍ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူလာပြီး ဒေသလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြေရှိလျှင် အလုပ်ရှိရမည်၊ ရေရှိလျှင် အလုပ်ရှိရမည် ဟူသော ခံယူချက်ဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များအောင် ဖန်တီးဖော်ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကိုအခြေခံ၍ မိမိတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဦးချင်း ကြိုးစားလုပ်ကိုင်သွားကြရန်၊ တစ်ဦးချင်း ဘဝ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ တိုင်းပြည်ချစ်စိတ်ဖြင့် အလုပ်လုပ်ကြရန်၊ ဖောက်လုပ်ပြီး လမ်း၊ တံတားများ မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စီမံကိန်းရှင်းလင်းဆောင်ရွက်ရပ်မှ နေ၍ ပင်မတံတား သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီတံတား (ညောင်တုန်း)သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်း တည်ရှိသည်။

ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း)အရှည် ၁၈၃၇ ပေ၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း)အရှည် ၁၅၇၅ ပေဖြစ်ပြီး ပင်မတံတားနှင့် ကားလမ်းတံတား စုစုပေါင်း အရှည် ၁၀၈၁၄ ပေ ဖြစ်သည်။

ပုသိမ်ဘက်ကမ်း (ရထားလမ်း)အရှည် ၆၅၂၉ ပေ၊ ရန်ကုန်ဘက်ကမ်း (ရထားလမ်း)အရှည် ၆၆၁၄ ပေ ဖြစ်ပြီး ပင်မတံတားနှင့်ရထားလမ်းတံတား စုစုပေါင်းအရှည် ၂၀၅၄၅ ပေဖြစ်သည်။

ချဉ်းကပ် ကားလမ်းမှာ ပုသိမ်ဘက်ကမ်း ၃၄၄၇ ပေ၊ ရန်ကုန်ဘက်ကမ်း ၇၉၄၂ ပေဖြစ်ပြီး ချဉ်းကပ်ကားလမ်း စုစုပေါင်းအရှည်မှာ ၁၁၃၈၉ ပေ ဖြစ်သည်။

တံတားပေါ်တွင် နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်း အကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၃ လက်မ စီပါဝင်ပြီး တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေ ဖြစ်သည်။

တံတားအုတ်မြစ်နှင့်အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန် ခံနိုင်ဝန်ရှိမည့် တံတားကြီးဖြစ်သည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စီမံကိန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တံတားတစ်စင်းလုံး၏ ၇၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဆက်သွယ်သွားလာနိုင်

တံတားကြီးပြီးစီးပါက ရန်ကုန်မြို့၊ ပုသိမ်မြို့အပါအဝင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မြို့၊ ရွာများသို့ ရထားဖြင့်ရော ကားဖြင့်ပါ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ပြီးစီးမှုကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

- ❒ ဧရာဝတီတံတား(ညောင်တုန်း)သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်း တည်ရှိ။
- ❒ ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတား(ကားလမ်း) အရှည် ၁၈၃၇ ပေ၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၁၅၇၅ ပေ ဖြစ်ပြီး ပင်မတံတားနှင့် ကားလမ်းတံတား စုစုပေါင်းအရှည် ၁၀၈၁၄ ပေ ဖြစ်။
- ❒ ပုသိမ်ဘက်ကမ်း(ရထားလမ်း)အရှည် ၆၅၂၉ ပေ၊ ရန်ကုန်ဘက်ကမ်း (ရထားလမ်း)အရှည် ၆၆၁၄ ပေ ဖြစ်ပြီး ပင်မတံတားနှင့် ရထားလမ်းတံတား စုစုပေါင်းအရှည် ၂၀၅၄၅ ပေဖြစ်။
- ❒ ချဉ်းကပ်ကားလမ်းမှာ ပုသိမ်ဘက်ကမ်း ၃၄၄၇ ပေ၊ ရန်ကုန်ဘက်ကမ်း ၇၉၄၂ ပေ ဖြစ်ပြီး ချဉ်းကပ်ကားလမ်း စုစုပေါင်း အရှည်မှာ ၁၁၃၈၉ ပေဖြစ်။
- ❒ တံတားပေါ်တွင် နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်း အကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၃ လက်မစီပါဝင်ပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေဖြစ်။
- ❒ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်။
- ❒ မော်တော်ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန် ခံနိုင်ဝန်ရှိမည့် တံတားကြီးဖြစ်။

26-4 (06).pmd 1 4/26/2011, 3:32 AM

မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင် မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် စနစ်တကျထိန်းသိမ်းဖော်ဆောင်

ပုဂံရွှေနန်းတော်၏ ခမ်းနားထည်ဝါမှု အရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပုဂံ-ညောင်ဦးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဧပြီ ၂၄ ရက် ညနေပိုင်းတွင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် အနော်ရထာမင်းကြီး၏ ပဥ္စပသာဒ ရွှေနန်းတော်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ပုဂံ ရှေးဟောင်းသုတေသန ပြတိုက်သို့ သွားရောက်စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးအား ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအင်အားအခြေအနေ၊ ပြတိုက်ဆိုင်ရာ အချက်အလက်များ၊ ရှေးဟောင်းပစ္စည်း ရှာဖွေသုတေသနပြုစုခြင်းနှင့် လုပ်ငန်းလိုအပ်ချက်အရ ကွင်းဆင်းတူးဖော်မှု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အနော်ရထာမင်းကြီး၏ ပဥ္စပသာဒ ရွှေနန်းတော်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရှေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းသည့် ဝန်ထမ်းများအနေဖြင့် နေ့စဉ် ရှေးဟောင်းသုတေသနဇုန်များ အတွင်း ကွင်းဆင်းပြီး ရှေးဟောင်း သုတေသနဇုန်ဆိုင်ရာ သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ကြရန်၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရှေးဟောင်းပစ္စည်းများ တာရှည်ခံအောင် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်၊ ဇုန်နှင့် ပြတိုက်ဝင်ကြေးများ ကောက်ခံခြင်း၊ ငွေစာရင်းသွင်းခြင်းတို့ကို စနစ်တကျရှိအောင် ကြပ်မတ်ဆောင်ရွက်ရန်၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်နေကြသူများပီပီ မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အနော်ရထာမင်းကြီး၏ ပဥ္စပသာဒ ရွှေနန်းတော်သို့ ရောက်ရှိစဉ် ရာသီဥတုဒဏ်ကြောင့် နန်းဆောင်များ ပျက်စီးမှုမရှိစေရေး၊ ပတ်ဝန်းကျင်သာယာလှပရေး စနစ်တကျဆောင်ရွက်ရန်နှင့် ပုဂံရွှေနန်းတော်၏ ခမ်းနားထည်ဝါမှု အရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသန ပြတိုက်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သစ်တောသစ်ပင်ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုးအလှတိုး

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနတို့အကြား သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ခြင်းနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) နှင့် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန (PRD) တို့အကြား သတင်းပြန်ကြားရေးနှင့်ရုပ်သံထုတ်လွှင့်ခြင်း နယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားနှင့် Joint Technical Committee (JTC) အစည်းအဝေးကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနတို့အကြား သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ခြင်းနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich တို့ကနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြကာ ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် Joint Technical Committee (JTC) အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်တို့ ဦးဆောင်သော အဖွဲ့နှင့် ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Grisanaporn Soempanich ဦးဆောင်သောအဖွဲ့တို့သည် အဆိုပါ နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

26-4 (07).pmd 1 4/26/2011, 3:32 AM

နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို အပြည့်အဝဖြည့်ဆည်းထောက်ကူပံ့ပိုးပေးနိုင်မည့် အ

(ယမန်နေ့မှ အဆက်)

ယခုနှစ်တွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရမည်းသင်း-တောင်ကြီး ခရိုင်ချင်းဆက်လမ်း ပေါင်းလောင်းမြစ်ကူးတံတား(လျာထား)နေရာ၏ အထက်ဘက် သုံးမိုင်ခန့်အကွာ၊ အထက်ပေါင်းလောင်းတမံ၏ အောက်ဘက် ရှစ်မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌တည်ရှိသည့် စက်တပ်ဆင်အင်အား ၁၀၀ မဂ္ဂါဝပ်နှင့် နှစ်စဉ် ပျမ်းမျှကီလိုဝပ်နာရီသန်း ၅၀၀ ထုတ်လုပ်နိုင်သည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ အနောက်တောင်ဘက် ၄၅ မိုင်ခန့်အကွာ နမ့်တဘက်မြစ်ပေါ်၌တည်ရှိသည့် စက်တပ်ဆင်အင်အား ၁၀၄ မဂ္ဂါဝပ်နှင့် နှစ်စဉ် ပျမ်းမျှကီလိုဝပ်နာရီ ၅၇၅ သန်း ထုတ်လုပ်နိုင်မည့် နမ့်တဘက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ ယခု အထူးစီမံကိန်းအစည်းအဝေးသို့ စီမံကိန်းအသစ် ၁၈ ခု တင်ပြခဲ့သည်ကို တွေ့ရှိရသည်။ ဝန်ကြီးဌာနအနေဖြင့် အထူးစီမံကိန်းအစည်းအဝေးများသို့ ယခင်တင်ပြခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းပေါင်း ၂၇၈ ခုရှိသည့်အနက် ဆောင်ရွက်ပြီး ၁၀၄ ခု၊ ဆောင်ရွက်ဆဲ ၃၃ ခုနှင့် ကျန်စီမံကိန်း ၁၄၁ ခု ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုနှစ်တွင် ဝိုင်းမော်-ဗန်းမော်-လက်ပန်လှ-မြောက်ပြင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ နန့်တဘက်-ဝိုင်းမော် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဝိုင်းမော်-မြစ်ကြီးနား(၁)-မြစ်ကြီးနား(၂)-မြစ်ကြီးနား(၃) (၆၆) ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မိုင်းရယ်-တန့်ယန်း (၆၆) ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မင်းတပ်-မတူပီ (၆၆) ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဟိုပုန်းသို့ (၁၃၂) ကေဗွီ (အဝင်/အထွက်) မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ အောင်ပန်း-ပင်းတယ (၆၆) ကေဗွီ မဟာ ဓာတ်အားလိုင်းစီမံကိန်း၊ လေးမြို့(၂)-လေးမြို့ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဘီလူးချောင်း(၂)-တောင်ငူ (၂၃၀) ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ သာယာကုန်း-မင်းလှ (၂၃၀) ကေဗွီ နှစ်ထပ် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ အလယ်ပေါင်းလောင်း-ပေါင်းလောင်း (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ ဘီးလင်း(ကမာနတ်-သထုံ) (၂၃၀) ကေဗွီ နှစ်ထပ် မဟာဓာတ်အားလိုင်းစီမံကိန်း စသည့် စီမံကိန်း ၁၂ ခုကိုလည်းကောင်း၊ မြေအောက်ဓာတ်အားလိုင်းစီမံကိန်းများဖြစ်သည့် အလုံ-ဘုရင့်နောင် (၆၆) ကေဗွီ (မြေအောက်)ဓာတ်အား လိုင်း ၇ ဒသမ ၄ မိုင် စီမံကိန်း၊ အလုံ-MRTV-3 (၆၆) ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၁ မိုင်စီမံကိန်း၊ အလုံ-မော်တင် (၆၆) ကေဗွီ(မြေအောက်) ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် စီမံကိန်း၊ အလုံ-မီးရထားခွဲရုံ (ဗိုလ်ချုပ်လမ်း) (၆၆) ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၈ မိုင် စီမံကိန်း၊ အလုံ-ဆင်မလိုက် (၆၆) ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင် စီမံကိန်းနှင့် သာကေတ-ပုသိမ်ညွန့် (၆၆) ကေဗွီ (မြေအောက်)ဓာတ်အားလိုင်း ၅ မိုင် စီမံကိန်း စသည့် စီမံကိန်း ခြောက်ခုကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်ရှိ မဒန်းရေလှောင်တမံကို ဤသို့ တွေ့ရသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ရေသည်အဓိကလိုအပ်ချက်ဖြစ်ရာ ရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသော ဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ရေမရရှိသေးသည့် နေရာဒေသများတွင်လည်း စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေရရှိအောင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် တည်ဆောက်ထားသည့် ဟူးမွန်ရေလှောင်တမံမှ ဒေသခံတောင်သူများ ရာသီမရွေး စိုက်ပျိုးဖြစ်ထွန်းရန် ရေပေးဝေပေးလျက်ရှိသည်။

ဆည်သစ်၊ တမံသစ်၊ မြစ်ရေတင်လုပ်ငန်းအသစ်များကို အထူးစီမံကိန်းလုပ်ငန်းကြီးများအဖြစ် လျာထားချမှတ် ဆောင်ရွက်လျက်ရှိသည်။ မြေရှိလျှင် အလုပ်ရှိရမည်၊ ရေရှိလျှင် အလုပ်ရှိရမည်ဟူသော ခံယူချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာအောင် ဖန်တီးဖော်ဆောင်ပေးပြီး လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက် အသုံးချကာ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ ဆည်မြောင်းစီမံကိန်း ၂၃၃ ခုကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲစီမံကိန်း ၃၁ ခုနှင့် ထပ်မံဆောင်ရွက်ရန် လျာထားစီမံကိန်း ၁၄ ခုရှိကြောင်း သိရှိရသည်။ **ဆောင်ရွက်ဆဲစီမံကိန်းများမှာ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ကညင်ရေလှောင်တမံစီမံကိန်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီးရှိ မြစ်သာရေလှောင်တမံစီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ကိုဒူကွဲရေလှောင်တမံစီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာအနီးရှိ ကင်မွန်းခြံရေထိန်းတံခါးစီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမား တိုးချဲ့ရေသောက်စနစ်စီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် အတွင်းရှိ သိန်ရင်ရေလှောင်တမံစီမံကိန်း**တို့ဖြစ်သည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးစီမံကိန်းနှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့မျှမက မြစ်ရေတင် အထူးစီမံကိန်း ၄၂ ခု အကျိုးပြုဧက ၄၃၄၅၀၀ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြစ်ရေတင် အထူးစီမံကိန်း ၂၆ ခု အကျိုးပြုဧက၂၁၈၇၀၀ ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် မြစ်ရေတင်အထူးစီမံကိန်း ၁၆ခု အကျိုးပြုဧက ၂၁၅၈၀၀ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **ဆောင်ရွက်ဆဲ မြစ်ရေတင် အထူးစီမံကိန်း ၁၆ ခုမှာ မိတ္ထီလာလွင်ပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ နုံးပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ အရာတော်-၂ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ အရာတော်-၃ လျှပ်စစ်မြစ်ရေတင် စီမံကိန်း၊ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကံကလေးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ခရမ်းချောင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ မြစ်ကျိုး
ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကြီး
ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဒုံသ
ခမ္မသလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကျုံစ
ဆီမီးခုံ-၃(နွားထိုးကြီး) လျှပ်စစ်မြစ်ရေ**
ဖော်ပြပါရေလှောင်တမံစီမံကိန်း၊ စိမ်
မြစ်ရေတင်စီမံကိန်းများသည် စိုက်ပျိုး
အောင် ဆောင်ရွက်ရာ၌ တစ်တပ်တစ်အာ
ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။

မေခ-မလိခမြစ်ဆုံအောက် တန်ဖဲ
လျှပ်စစ်စီမံကိန်းပုံစံကို တွေ့ရစဉ်။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ
များ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
များသည်လည်း အရေးပါသည့်အခန်းက
သည်။ အထူးသဖြင့် ပြည်နယ်နှင့် တိုင်းဒ
ရောက်ရှိစေမည့် နိုင်ငံတော်ရထားလမ်
Railway Network) ကို တည်
လျက်ရှိသည်မှာ အထူးပင် အကျိုးကျေ
မီးရထားသည် နိုင်ငံတစ်ဝန်း လမ်းပန်းဆ
ရေး၊ ဒေသဖွံ့ဖြိုးမှု ကွာဟချက်နည်းပါး
ညီညွတ်မှု ပိုမိုခိုင်မြဲရေးနှင့်စီးပွားရေး၊
တိုးတက်စေရေးတို့အတွက် နိုင်ငံတော
(National Railway Network)
ဆောင်ရွက်နေခြင်းဖြစ်သည်။ ၁၉၈၈ ခု
ရထားလမ်း ခရီး ၁၉၇၆ မိုင်၊ ဖောက်လုပ်
ဘူတာရုံ ၄၈၇ ရုံသာရှိခဲ့ရာမှ ယခုအခါ
ခရီး ၃၅၇၉ မိုင်၊ ဖောက်လုပ်ပြီး
ဖောက်လုပ်ဆဲရထားလမ်းခရီး ၁၇၇၈
လမ်း ခရီး ၂၉၇ မိုင်နှင့် ဘူတာရုံ ၈၉
ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ယခုနှစ် အထူးစီမံကိန်းကြီးများ
ရှိသည့် ကြံခင်း-ပခုက္ကူရထားလမ်းစီမံ
ကသာ-ဗန်းမော်ရထားလမ်းစီမံကိန်း၊
ကျိုင်းတုံရထားလမ်းစီမံကိန်း၊ အရှည်
ထားဝယ်-မြိတ်ရထားလမ်းစီမံကိန်း၊ အရှ
နတ်မောက်-မကွေးရထားလမ်းစီမံကိန်
မင်းဘူး-အမ်း-စစ်တွေရထားလမ်းစီမံ
ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-
လမ်း စီမံကိန်း၊ အရှည် ၁၂၀ မိုင်ရှိသ
(ကျေးတော)-နေပြည်တော်ရထားလမ်း
ရှိသည့် ဟသ်ာတ-ဓနုဖြူ-စကြော့(ညေ
အရှည် ၁၂၀ မိုင်ရှိသည့် နေပြည်တော်-
ရထားလမ်းစီမံကိန်း၊ အရှည် ၄၇၄ ဒသ

ပိုးပေးနိုင်မည့် အထူးစီမံကိန်းကြီးများ (၂)

ကျော်ရဲမင်း

လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဒုံသမိလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဓမ္မသလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဆီမီးခုံ-၃(နွားထိုးကြီး) လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ ဖြစ်ကြသည်။ ဖော်ပြပါရေလှောင်တမံစီမံကိန်း၊ စိမ်းလန်းစိုပြည်ရေးစီမံကိန်းနှင့် မြစ်ရေတင်စီမံကိန်းများသည် စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ တစ်တပ်တစ်အား ဖြည့်စွမ်းထောက်ကူ အကျိုးဆောင်ပေးနိုင်တော့မည်ဖြစ်သည်။

ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းစီမံကိန်းများကို လမ်းပိုင်းများအလိုက်ခွဲ၍ အဆင့်ဆင့် ဖောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် အရှည် ၁၂၅ မိုင်ရှိသည့် မုံရွာ -ကနီ -မင်းကင်း - ကလေးဝ - ကလေး ရထားလမ်းစီမံကိန်းနှင့် အရှည် ၁၅၀ မိုင်ရှိသည့် တောင်ငူ-ယာဒို-လွိုင်ကော် ရထားလမ်းစီမံကိန်းတို့ကိုလည်း မြေတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

ယနေ့အထိ ဖောက်လုပ်ပြီးစီးသည့် ရထားလမ်း သံလမ်း ၄၇၅၀ ဒသမ ၀၈ မိုင်နှင့် ဆောင်ရွက်ဆဲ စီမံကိန်းရထားလမ်း သံလမ်း ၁၉၉၀

မေခ-မလိခမြစ်ဆုံအောက် တန်ဖဲကျေးရွာအနီးရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းပုံစံကို တွေ့ရစဉ်။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ စွမ်းဆောင်အောင်မြင်မှုများသည်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ရပ်တည်ပါဝင်လျက်ရှိသည်။ အထူးသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် နိုင်ငံတော်ရထားလမ်းကွန်ရက်ကြီး (National Railway Network) ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်မှာ အထူးပင် အကျိုးကျေးဇူးကြီးမားလှသည်။ မြန်မာ့မီးရထားသည် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့ရေး၊ ဒေသဖွံ့ဖြိုးမှု ကွာဟချက်နည်းပါးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးနှင့်စီးပွားရေး၊ လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော် ရထားလမ်းကွန်ရက်ကြီး (National Railway Network) ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်မတိုင်မီက ဖောက်လုပ်ပြီးရထားလမ်း ခရီး ၁၉၇၆ မိုင်၊ ဖောက်လုပ်ပြီးရထားသံလမ်း ၂၇၉၃ မိုင်၊ ဘူတာရုံ ၄၈၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ဖောက်လုပ်ပြီး ရထားလမ်းခရီး ၃၅၇၉ မိုင်၊ ဖောက်လုပ်ပြီးရထားသံလမ်း ၄၄၀၂ မိုင်၊ ဖောက်လုပ်ဆဲရထားလမ်းခရီး ၁၇၇၈ မိုင်၊ ဖောက်လုပ်မည့် ရထားလမ်း ခရီး ၂၉၇ မိုင်နှင့် ဘူတာရုံ ၈၉၉ ရုံအထိ တိုးတက်လာခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ယခုနှစ် အထူးစီမံကိန်းကြီးများတွင်လည်း အရှည် ၃၂၀ မိုင်ရှိသည့် ကြံခင်း-ပခုက္ကူရထားလမ်းစီမံကိန်း၊ အရှည် ၉၈ မိုင်ရှိသည့် ကသာ-ဗန်းမော်ရထားလမ်းစီမံကိန်း၊ အရှည် ၂၂၆ မိုင်ရှိသည့် မိုးနဲ-ကျိုင်းတုံရထားလမ်းစီမံကိန်း၊ အရှည် ၁၃၂ ဒသမ ၅ မိုင်ရှိသည့် ထားဝယ်-မြိတ်ရထားလမ်းစီမံကိန်း၊ အရှည် ၉၅ မိုင်ရှိသည့် ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းစီမံကိန်း၊ အရှည် ၂၅၇ မိုင်ရှိသည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းစီမံကိန်း၊ အရှည် ၈၉ မိုင်ရှိသည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း စီမံကိန်း၊ အရှည် ၁၂၀ မိုင်ရှိသည့် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်ရထားလမ်းစီမံကိန်း၊ အရှည် ၄၈ မိုင်ရှိသည့် ဟသ်ာတ-ခနုဖြူ-စကြေ့(ညောင်တုန်း)ရထားလမ်းစီမံကိန်း၊ အရှည် ၁၂၀ မိုင်ရှိသည့် နေပြည်တော်-ဆင်သေ-တပ်ကုန်း-ပင်လောင်းရထားလမ်းစီမံကိန်း၊ အရှည် ၄၇၄ ဒသမ ၅ မိုင်ရှိသည့် မြစ်ကြီးနား-

ဒသမ ၆၅ မိုင် စုစုပေါင်း ရထားလမ်း သံလမ်း ၆၇၄၀ ဒသမ ၇၃ မိုင်အတွက် စုစုပေါင်း ဇလီဖားတုံး ၁၅ ဒသမ ၅ သန်းခန့် လိုအပ်ပါသည်။ လက်ရှိအခြေအနေထိ ထုတ်လုပ်လဲလှယ်ပြီး ကွန်ကရစ်ဇလီဖားတုံးလေးသန်းခန့်ရှိရာ နောက်ထပ် ၁၁ ဒသမ ၅ သန်းခန့် ထပ်မံလိုအပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိ မြစ်ငယ်၊ ပွဲနတ်တန်ဆာ၊ မုတ္တမ၊ ပခုက္ကူ၊ ဥသျှစ်ပင်၊ ခင်ဦးမြို့များရှိ ကွန်ကရစ်ဇလီဖားစက်ရုံများအပြင် မင်းဘူးနှင့် ရွှေညောင်မြို့များ၌ တည်ဆောက်ဆဲစက်ရုံ နှစ်ရုံနှင့် ဗန်းမော်၊

ပြည်ထောင်စုရထားလမ်းကွန်ရက်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကံမ-သရက် ရထားလမ်းပေါ်၌ ခရီးသည်တင် မီးရထားပြေးဆွဲနေစဉ်။



ရွှေလီ-မန်စံ (၂၃၀) ကေဗွီ ဓာတ်အားလိုင်းနှင့် ရွှေလီစက်ရုံ Switchyard ကို မြင်တွေ့ရစဉ်။

သီပေါ၊ နမ့်စန်မြို့များ၌ ထပ်မံတည်ဆောက်သွားမည့် စက်ရုံ သုံးရုံရှိဦးမည်ဖြစ်သည်။ ကွန်ကရစ်ဇလီဖားတုံးစက်ရုံများ တိုးချဲ့တည်ဆောက်မှုနှင့်အတူ မီးရထားသံလမ်းများ၏ အရည်အသွေး ပိုမိုတိုးတက်လာမည်ဖြစ်ရာ မီးရထားကဏ္ဍသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ အဓိကကဏ္ဍတစ်ရပ်အဖြစ် တိုးတက်ပြောင်းလဲလာတော့မည် ဖြစ်ပါသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးမှ ပေါ်ထွက်လာခဲ့သော အထူးစီမံကိန်းများအားလုံးသည် နိုင်ငံတော်၏ လက်ငင်းဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် မရှိမဖြစ်လိုအပ်သော စီမံကိန်းကြီးများပင် ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အတွက် မျှော်မှန်းချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်မည့် ရေရာသေချာခိုင်မာသည့် အာမခံချက်များပင် ဖြစ်ပေသည်။

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်သမ္မတကြီးက "စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ငွေကြေးသုံးစွဲမှုအပိုင်းတွင် မကုန်သင့်သည်များကို မကုန်ကျရအောင် စိစစ်သုံးစွဲကြရန်လိုပါကြောင်း၊ အလေအလွင့်ဆုံးရှုံးမှုများမရှိအောင်၊ မသမာမှုများ မပြုလုပ်နိုင်အောင် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် အောက်ခြေလုပ်ငန်းခွင်အထိ အရောက်သွားပြီး စစ်ဆေးကြပ်မတ်ပြုပြင်ပေးရန် လိုပါကြောင်း၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် လုပ်ငန်းခွင် သက်သာချောင်ချိရေးတို့ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပြီး ရိုးသားကြိုးစားသည့် ဝန်ထမ်းများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မြှောက်စားပြီး မသမာမှုပြုလုပ်သူ၊ အလွဲသုံးစားပြုလုပ်သူ၊ ကိုယ်ကျင့်တရားပျက်ယွင်းသူများကိုလည်း ထိထိရောက်ရောက် အရေးယူသွားကြရန် လိုအပ်ပါကြောင်း" အလေးအနက်မှာကြားခဲ့ပါသည်။ လေးနက်မှန်ကန်ပြီး အထူးစီမံကိန်းကြီးများ အပြည့်အဝ အောင်မြင်စေရေးအတွက် တိကျစွာ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်ပင် ဖြစ်ပါသည်။

ယနေ့အခါ ခေတ်သစ် စနစ်သစ်တစ်ခုသို့ ကူးပြောင်းဖော်ဆောင်နေပြီဖြစ်ရာ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများလည်း အသီးသီးရှိနေကြပြီဖြစ်သည့်အတွက် တိုင်းပြည်တည်ဆောက်ရေးတာဝန်များကို ခွဲဝေတာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ယခု အထူးစီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌လည်း ပြည်ထောင်စုအဆင့်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု(Co-operation)၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု(Co-ordination) အပြည့်အဝထားရှိလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသော တူညီသည့် ရည်မှန်းချက်ထားရှိပြီး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက အထူးစီမံကိန်းကြီးများအားလုံး အောင်မြင်ပြီးမြောက်ပြီး နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို အပြည့်အဝဖြည့်ဆည်းထောက်ကူ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်းတင်ပြရင်း နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်မျှော်မှန်းချက်ဖြစ်သည့် အထူးစီမံကိန်းကြီးများကို ဂုဏ်ပြုကြိုဆို တင်ပြလိုက်ရပါသည်။ ။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ထိုင်းပြည်သူ့ဆက်ဆံရေးဌာနတို့ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် သတင်းပြန်ကြားရေးနယ်ပယ် ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ပိုမိုမြှင့်တင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ထိုင်းနိုင်ငံအစိုးရ ပြည်သူ့ဆက်ဆံရေးဌာနတို့အကြား သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ခြင်းနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးဖြစ်ရာ ယနေ့တွေ့ဆုံမှုတွင် အဆိုပါ နားလည်မှုစာချွန်လွှာနှင့်အညီ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် သတင်းပြန်ကြားရေးနယ်ပယ်ကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၊ ရုံးအဖွဲ့မှူး ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၆-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ မျိုးချစ်တပ်မတော်
၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြားမင်္ဂလာဇင်းကဏ္ဍ
၄:၂၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၄၅ ၉။ အင်္ဂလိပ်စာသုတ
၄:၅၅ ၁၀။ မြန်မာသံစဉ်ချိုနှားဝင်
၅:၀၀ ၁၁။ မီးသတိပေးနှိုးဆော်ချက်
၅:၁၀ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - **သက်တော်စောင့်** (အပိုင်း-၃၆)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၆။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆:၂၅ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း -၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး (၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ဟာသရုပ်စုံ
၂၄။ မွေးမြူသုတ
၂၅။ သီချင်းလက်ဆောင်
၂၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း-၁၄)
၂၈။ **Miniseries**

မြန်မာ့အလင်း ကမ္ဘာ့ဈေးကွက်သတင်း

ဒေါ်လာတန်ဖိုးကျပြီး ကမ္ဘာ့ ရွှေ၊ ငွေဈေး စံချိန်တင်မြင့်တက်

သတင်းမှတ်စုတိုး

စင်ကာပူ ဧပြီ ၂၅

အာရှတွင် ဒေါ်လာဈေးကျပြီး ဝယ်လိုအားကောင်းသည့်အတွက် ငွေပေါက်ဈေးမှာ တနင်္လာနေ့က ငါးရာခိုင်နှုန်းတက်ကာ တစ်အောင်စ အမေရိကန်ဒေါ်လာ ၄၉ အထိ တက်သွားသည်။ ထို့ပြင် ရွှေဈေးမှာလည်း ခုနစ်လမြောက် ဆက်တိုက်စံချိန်တင် ထိုးတက်သွားသည်။

အမေရိကန်တွင်လည်း ကြိုတင်ရောင်းဝယ်ရေး ငွေဈေးမှာ မကြုံဖူးအောင် အရောင်းအဝယ်များပြီး ၈ ဒသမ ၂ ရာခိုင်နှုန်းတက်ကာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၈၂ အထိ ခုန်တက်သည်။ ယင်းငွေ ဈေးနှုန်းမှာ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်က အမြင့်ဆုံး စံချိန်တင်ခဲ့သည့် တစ်အောင်စ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၃၅ ရောက်ရန် ဆင့် ၅၀ ခန့်သာ လိုတော့သည်။

ဈေးကွက်တွင် မျက်နှာပန်းလှနေသော အခေါက်ရွှေများ။

"လူတိုင်းက ဝယ်နေကြပါတယ်၊ တရုတ်ပြည်ဘက်က အဝယ်လိုက်နေတော့ အလုအယက်ဝယ်နေကြတာပါပဲ" ဟူ၍ ဟောင်ကောင်မှ ကုန်သည်တစ်ဦးက ပြောဆိုသည်။

ငွေပေါက်ဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅၀ ကျော်သွားနိုင်ကြောင်း၊ ၃၁ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာနိုင်ကြောင်း စီးပွားရေးပညာရှင်အချို့က သုံးသပ်ကြသည်။ ငွေဈေးမှာ ၂၀၁၀ ပြည့်နှစ်အတွင်း ၈၀ ရာခိုင်နှုန်းကျော် ခုန်တက်ပြီးနောက် ယခုနှစ်အတွင်း ယခုအချိန်အထိ ၆၀ ရာခိုင်နှုန်းနီးပါး တက်လာသည်။ သို့ဖြင့် ရိုက်တာ-ဂျက်ဖရီကုန်ပစ္စည်း ၁၉ မျိုးအညွှန်းတွင် ငွေဈေးနှုန်းတိုးတက်မှုမှာ ၇ ရာခိုင်နှုန်းဖြစ်ရာ ရွှေဈေးနှုန်းတက်မှုရာခိုင်နှုန်းကို ကျော်လွန်သွားသည်။

ခုန်တက်လာ

ကမ္ဘာပေါ်၌ ငွေကိုအခြေခံသည့် အိုင်ရှယ်ယာဆီးလ်ဗားထရပ်စ်အဖွဲ့ကြီးက ယခုနှစ် ယခုအချိန်အထိ ငွေပိုင်ဆိုင်မှု ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးလာသော်လည်း ရွှေကိုအခြေခံသည့် အက်စ်ပီဒီအာရ်ဂိုးလ်ထရပ်စ်အဖွဲ့ကြီးကမူ ယခုနှစ် ယခုအချိန်အထိ ငွေပိုင်ဆိုင်မှုတွင် ၄ ရာခိုင်နှုန်း လျော့ကျသည်။ ဓနဥစ္စာစုဆောင်းမှု တစ်ရပ်အဖြစ် ရွှေကို ဝယ်ယူစုဆောင်းသည့် အိန္ဒိယနိုင်ငံတွင်လည်း ငွေထည်ဝယ်ယူမှုမှာ ခုန်တက်လာသည်။

ကုန်သည်များက ငွေကို ကမူးရှူးထိုးဝယ်နေကြသည့်အတွက် ငွေတန်ဖိုး အကြီးအကျယ် ပြန်တက်လာခြင်းဖြစ်သည်။ မိမိတို့သည် ပုံမှန်အားဖြင့် ငွေကို ဝယ်ယူတင်သွင်းခြင်းမရှိကြောင်း၊ သို့သော် ပြီးခဲ့သည့်လက ငွေတန်ချိန် ၁၀ တန်ခန့် မိမိတို့တင်သွင်းခဲ့ကြောင်း၊ တန်ဖိုးတက်နေမှုကို အုပ်မိရန် အိန္ဒိယ၌ ရင်းနှီးမြှုပ်နှံသူများက ဝင်တိုးလာကြောင်း အိန္ဒိယမှ ပုဂ္ဂလိကဘဏ် အရာရှိတစ်ဦးက ပြောဆိုသည်။

ရွှေပေါက်ဈေးမှာ အာရှတွင် တစ်အောင်စလျှင် ဒေါ်လာ ၁၅၁၇ ဒသမ ၇၁ အထိ စံချိန်တင်တက်လာသည်။ အမေရိကန်မှ ကြိုတင်ရောင်းဝယ်သည့် ရွှေဈေးနှုန်းမှာလည်း တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၅၁၈ ဒသမ ၆ အထိ စံချိန်တင်တက်သွားသည်။ "ဒေါ်လာကတော့ ဈေးကစားနေတာပါ" ဟူ၍ စင်ကာပူအခြေစိုက် ကုန်သည်တစ်ဦးက ဝေဖန်သည်။

ပန်းပန်လျက်ရှိ

အမေရိကန် ဗဟိုဘဏ်၏ လာမည့်မူဝါဒရေးရာအစည်းအဝေးက အတိုးနှုန်း ဆက်လက်လျှော့ချမည်ဟု ကြေညာမည့် လက္ခဏာရှိသည့်အတွက် ရင်းနှီးမြှုပ်နှံသူများက ဒေါ်လာဈေးပိုမိုကျဆင်းမည်ဟု မျှော်လင့်လျက်ရှိရာ ဒေါ်လာတန်ဖိုးမှာ တနင်္လာနေ့က သုံးနှစ်အတွင်း စံချိန်တင်ကျဆင်းကာ တန့်နေသည်။ ပြီးခဲ့သည့် ရက်သတ္တပတ် ကုန်ပိုင်းက အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများ တိုးတက်ပြင်းထန်လာမှုကြောင့် ကသောင်းကနင်း ကာလအတွင်း ရွှေစုဆောင်းခြင်းသာ စိတ်ချရသည်ဟု အများကထင်မြင်ပြီး ရွှေဈေးမှာ ပန်းပန်လျက်ရှိနေခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)
၂၆-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ **မြေကမ္ဘာမှတ်တမ်း**
၈:၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
၅:၁၀ ၇။ **ကူးလူးဆက်သွယ်အကျိုးများ ဧရာဝတီတံတား(ပခုက္ကူ)**
၅:၂၀ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅:၃၀ ၉။ ကြယ်စင်ဥယျာဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၀ ၁၃။ ဆိုလိုက်ကြစို့
၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၂၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ရယ်စရာဟာသများ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၂၃)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
၂၁။ အစီအစဉ်ပြီး၏။

ဆေးကိုယ်စားလှယ်များ တွေ့ဆုံမည်

ရန်ကုန် ဧပြီ ၂၅

(၂၂)ကြိမ်မြောက် အရိုးရောဂါပညာဆရာဝန် ညီလာခံဖြစ်မြောက်ရေး ကော်မတီသည် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား ဧပြီ ၂၈ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး (အပေါ်ဆုံးထပ်)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ထူးခြားသည့် နေ့အပူချိန်များ

၂၅-၄-၂၀၁၁

ချောင်းဦးမြို့
၄၀ ဒီဂရီစင်တီဂရိတ်
ဟသ်ာတမြို့
၄၀ ဒီဂရီစင်တီဂရိတ်
ဘော်လခဲမြို့
၄၀ ဒီဂရီစင်တီဂရိတ်

ဧပြီ ၂၅ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၂၃ ဒသမ ၂၀
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၄၁
၃။	ရွှေ	တစ်အောင်စ	၁၅၁၇ ဒသမ ၇၁
၄။	ငွေ	တစ်အောင်စ	၄၉ ဒသမ ၀၀
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၄၀
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၀၇ ဒသမ ၀၀

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

မလေးရှားပြည်သူတို့ အင်တာနက်မှတစ်ဆင့် ဈေးဝယ် ၂၀၁၀ ခုနှစ်အတွင်း ဒေါ်လာ ၇၃၉ သန်းဖိုးရှိ

ပက်တာလင်ဂျာယာ ဧပြီ ၂၅

မလေးရှားနိုင်ငံ၌ ပြည်သူတို့က အင်တာနက်မှတစ်ဆင့် ပြီးခဲ့သည့်နှစ်အတွင်း ဈေးဝယ်ယူခဲ့သည့်တန်ဖိုးမှာ ဒေါ်လာ ၇၃၉ သန်းဖိုးရှိကြောင်း၊ ယင်းပမာဏမှာ သုံးနှစ်အတွင်း သုံးဆတက်လာခြင်းဖြစ်ကြောင်း နီအယ်ဆင် ကုမ္ပဏီ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီအတွင်း အင်တာနက်မှတစ်ဆင့် အသက် ၁၈ နှစ်နှင့် ၁၈ နှစ်အထက် ဈေးဝယ်သူပေါင်း ၄၀၀ ကျော်ရှိကြောင်း တွေ့ရသည်။

ဝယ်ယူကြ

အင်တာနက်မှတစ်ဆင့် ဈေးဝယ်သူများသည် **(အပေါ်ပုံ)**လေယာဉ်လက်မှတ်များ၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဖက်ရှင်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို ပြည်တွင်း ဝက်ဘ်ဆိုက်များမှဝယ်ယူခြင်းဖြစ်ပြီး ပြည်ပဝက်ဘ်ဆိုက်များမှ စာအုပ်၊ ဂီတ၊ ရုပ်ရှင်ဆိုင်ရာ ကုန်ပစ္စည်းများ ဝယ်ယူကြကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာပေါ်၌ အသေးငယ်ဆုံးရင်သွေး ဂျာမနီအမျိုးသမီးတစ်ဦးမွေးဖွား

ဘာလင် ဧပြီ ၂၅

ဂျာမနီနိုင်ငံအနောက်ပိုင်း ဖူလ်ဒါမြို့ အထူးကုဆေးခန်းတစ်ခု၌ အမျိုးသမီးတစ်ဦးက ကိုယ်အလေးချိန်တစ်ပေါင်သာရှိသော ရင်သွေးငယ်တစ်ဦး **(ယာပုံ)** ကို ဧပြီ ၂၃ ရက်၌ မွေးဖွားခဲ့ကြောင်း ဂျာမနီနိုင်ငံမှ မီဒီယာများက ဖော်ပြသည်။

ဖရီအီဒါအမည်ရှိအမျိုးသမီးသည် ၎င်းရင်သွေးအား သီတင်း ၂၁ ပတ်နှင့် ငါးရက်ကြာ ကိုယ်ဝန်ဆောင်ပြီးနောက် မွေးဖွားခဲ့ခြင်းဖြစ်ရာ အရပ်၁၁လက်မနှင့် ကိုယ်အလေးချိန် တစ်ပေါင်သာရှိကြောင်း သိရသည်။

၎င်းရင်သွေးငယ်သည် ကမ္ဘာပေါ်တွင် မွေးဖွားစကလေးငယ်များအနက် ကိုယ်အလေးချိန် အနည်းဆုံး ရင်သွေးငယ်ဖြစ်ကြောင်းသိရသည်။ အဆိုပါသမီးငယ်လေးနှင့်အတူ အမြွှာအဖြစ် သားငယ်လေးတစ်ဦးပါ မွေးဖွားခဲ့သော်လည်း မွေးဖွားပြီး ရက်အနည်းငယ်အကြာတွင် ၎င်းသားငယ်လေးမှာ သေဆုံးသွားခဲ့သည်။

သီတင်း၂၂ပတ်မတိုင်မီ မွေးဖွားသော ရင်သွေးငယ်များသည် နှလုံး၊ အဆုတ်နှင့် ဦးနှောက်များမှာ ပုံမှန်ဖွံ့ဖြိုးမှုမရှိနိုင်ကြောင်း အဆိုပါအထူးကုဆေးခန်းမှ ပါမောက္ခ ရေးနယ်ရက်ပ်က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ နိုင်ငံခြားတပ်ဖွဲ့ဝင်လေးဦးသေဆုံး ယခုနှစ်အတွင်း စုစုပေါင်းတပ်ဖွဲ့ဝင် ၁၃၀ ကျော် သေဆုံး

ကဘူးလ် ဧပြီ ၂၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဧပြီ ၂၃ ရက်က ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း နိုင်ငံတကာလုံခြုံမှုကူညီရေးတပ် (အိုင်အက်စ်အေအက်ဖ်)က ကြေညာသည်။

တပ်ဖွဲ့ဝင်သေဆုံး

အဆိုပါသေဆုံးသူတပ်ဖွဲ့ဝင်နှစ်ဦးနှင့်ပါဆိုလျှင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်သေဆုံးသူဦးရေမှာ တစ်နေ့တည်းတွင် လေးဦးရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် နိုင်ငံခြားသား တပ်ဖွဲ့ဝင်တစ်ဦး ဧပြီ ၂၃ ရက်က သေဆုံးခဲ့ပြီး အရှေ့ပိုင်းကာပီဆာပြည်နယ်အတွင်း နိုင်ငံတကာတပ်ဖွဲ့၏ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အခြားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌သေဆုံးသည့် နိုင်ငံတကာတပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၁၃၀ ကျော်သွားပြီဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

ပေကျင်းမြို့၌ လေးထပ်အဆောက်အအုံမီးလောင် ၁၇ ဦးသေဆုံး၊ ၂၄ ဦးဒဏ်ရာရ

ပေကျင်း ဧပြီ ၂၅

တရုတ်နိုင်ငံ ပေကျင်းမြို့တောင်ပိုင်း ဆင်ခြေဖုံးအရပ်တွင် ဧပြီ ၂၅ ရက်နံနက်ပိုင်းက လူနေအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ **(အပေါ်ပုံ)** ၁၇ဦး သေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

မီးလောင်ကျွမ်း

ဖြစ်စဉ်မှာ ဒါမင်းခရိုင် ဂျူရွှန်အရပ်ရှိ လေးထပ်အဆောက်အအုံမှာ ဧပြီ ၂၅ ရက် နံနက် ၂ နာရီခန့်က စတင်ကာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ပထမအထပ်ရှိ အလုပ်ရုံမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ခန့်နှင့် မီးသတ်ယာဉ်များရောက်ရှိလာပြီး မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အပိုင်စီးခံထားရသော ဂရိကုန်သင်္ဘော ဆိုမာလီစားပြများ ပြန်လွှတ်ပေး

နိုင်ရိုဘီ ဧပြီ ၂၅

ယခုနှစ် ဇန်နဝါရီက အပိုင်စီးခံခဲ့ရသော ဂရိကုန်တင်သင်္ဘောတစ်စင်းအား ဆိုမာလီပင်လယ်ဓားပြများက ဧပြီ ၂၄ ရက်က ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဂရိရေကြောင်းအရာရှိများက ဧပြီ ၂၅ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

အိုမန်နိုင်ငံအနောက်တောင်ဘက်ကမ်းလွန် မိုင် ၄၉၀ ခန့်ရှိရေပြင်တွင် ယခုနှစ် ဇန်နဝါရီ ၁၇ ရက်က ၎င်းကုန်တင်သင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။

အပိုင်စီးသွားခဲ့

၎င်းဂရိကုန်တင်သင်္ဘောမှာ ကုန်တန်ချိန် ၅၂၁၆၃ တန်နှင့် ဖိလစ်ပိုင်သင်္ဘောသား ၂၄ ဦးကို တင်ဆောင်ကာ ဂျော်ဒန်နိုင်ငံ အကာဘာဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံ ပါရာဒစ်မြို့ဆိပ်ကမ်းသို့ ခုတ်မောင်းလာစဉ် အပိုင်စီးခံခဲ့ရခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗင်နီဇွဲလားနှင့် ကိုလံဘီယာတို့၌ရေလွှမ်း

ဂျူလီရိုလီနွန် ဧပြီ ၂၅

ဗင်နီဇွဲလားနိုင်ငံ အနောက်မြောက်ပိုင်းဒေသများတွင် ဧပြီ ၂၄ ရက်မှစတင်ကာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းသဖြင့် ရေလွှမ်းမှုများဖြစ်ပွားလျက်ရှိရာ ကလေးငယ်ခြောက်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးခဲ့ကြောင်း ဗင်နီဇွဲလားအရာရှိများက ဧပြီ ၂၅ ရက်၌ ပြောကြားသည်။

မြေပြို

ယာရာကိုင်ပြည်နယ်ဂျူလီရိုလီနွန်မြို့တွင် နေအိမ်များရေလွှမ်းပြီး အချို့ပျက်စီးခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံတောင်ပိုင်းဒေသအချို့တွင်လည်း မိုးသည်းပြီး ရေလွှမ်းမှုများဖြစ်ပွားသဖြင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိသည်။**(ဝဲပုံ)**

ဆက်လက်ရွာသွန်း

ထို့အတူ ကိုလံဘီယာနိုင်ငံဒေသအချို့တွင်လည်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိရာ ရေလွှမ်းမှုများကြောင့် လူ၂၀ခန့်သေဆုံးပြီး ဒေသခံ၁၅၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်လျက်ရှိကြောင်း၊ မိုးမှာ ဆက်လက်ရွာသွန်းဆဲဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၅

စာကြည့်တိုက်အဆောက်အအုံ ကျောက်မဲမြို့၌ ပန္နက်တင်

ကျောက်မဲမြို့နယ် အမှတ်(၁)ရပ်ကွက် ပြိန်းနင်ရှိ ဇော်မင်းမောင် စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၂၁ရက်က အဆိုပါစာကြည့်တိုက်မြေနေရာ၌ကျင်းပရာ စာကြည့်တိုက်အလှူရှင် ဦးဇော်မင်းမောင်-ဒေါ်ရီရီစန်းမိသားစုကိုယ်စား ဦးစောနိုင်က စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး ပြိန်းနင်ရပ်မိရပ်ဖ ဦးသိန်းလွင်က ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင်ကိုယ်စား ဦးစောနိုင်၊ ရပ်မိရပ်ဖ ဦးသိန်းလွင်နှင့် ဦးလှရှန်းနော်တို့က မင်္ဂလာပန္နက်တိုင်ကို စိုက်ထူပေးကြသည်။ (အပေါ်ပုံ)

အဆိုပါစာကြည့်တိုက်အဆောက်အအုံကို အလျား ၂၇ ပေ၊ အနံ ၁၈ပေရှိ အုတ်ကာ၊ သွပ်မိုးဖြင့် ဆောက်လုပ်မည်ဖြစ်ပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် အလှူရှင် ဦးဇော်မင်းမောင်-ဒေါ်ရီရီစန်းမိသားစုက ငွေကျပ်သိန်း ၇၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေး ကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

ကော့မှူးမြို့နယ် ကျုံဒရယ်ကျေးရွာ၌ မိုးဆန်းပန်း စာကြည့်တိုက်ဖွင့်

ကော့မှူးမြို့နယ် ကျုံဒရယ် ကျေးရွာ မိုးဆန်းပန်းကျေးရွာစာကြည့် တိုက် ဖွင့်ပွဲကို ဧပြီ ၃ရက် မွန်းလွဲ ၂ နာရီက စာကြည့်တိုက်ရှေ့၌ ကျင်းပ ရာ ကော့မှူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ စာကြည့်တိုက်အလှူရှင် ဦးကျော်လွင်ဦး၊ မြို့မိမြို့ဖ ဦးဝင်းထိန် နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့် မြင့်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။ **(အောက်ပုံ)**

လှူဒါန်း

အဆိုပါ မိုးဆန်းပန်းစာကြည့် တိုက်အား ဦးကျော်လွင်ဦး၊ ဒေါ်စမ်း စမ်းအေးမိသားစုက အဆောက်အအုံ နှင့် စာအုပ်စာစောင်များအတွက် စုစု ပေါင်း ငွေကျပ်သိန်း ၂၀ မတည် လှူဒါန်းပြီး ဦးကျော်နိုင်က ငွေကျပ် ၁၉၀၀၀၀တန် ဗီရိုတစ်လုံး၊ ဦးအောင် ကိုလတ်က ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ပရိဘောဂမျိုးစုံ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဒေါ်ငွေငွေဝင်းက EVD တစ်လုံး နှင့် စေတနာရှင်အလှူရှင်များက စာအုပ်စာစောင်များနှင့် ရေဒီယို၊ တိုင်ကပ်နာရီတို့ကို ပေးအပ်လှူဒါန်း ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လှူမိတ်ဆွေ

အထက(၂)ဗဟန်း(နန်ယန်) အာစရိယပူဇော်ပွဲကျင်းပရေး စည်းဝေးမည်

နေပြည်တော် ဧပြီ ၂၅

အထက(၂)ဗဟန်း(နန်ယန်)ကျောင်း၌ ဧပြီ ၃၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အသက်(၆၀)နှင့်အထက် ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကျင်းပနိုင်ရန် အစည်းအဝေး ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဖုန်း-၀၉-၈၆၅၀၈၅၅သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းတံခွန်စိုက်ဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာတို့ ရွှေတစ်ခု၊ ကြေးတစ်ခုဆွတ်ခူး

ကီလိုမီတာ ၂၀ လမ်းလျှောက် ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့ သည့် ကေခိုင်မျိုးထွန်း။

ရန်ကုန် ဧပြီ ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဧပြီ ၂၂ ရက်မှ စတင်ကျင်းပလျက် ရှိသည့် ၂၀၁၁ ခုနှစ် ထိုင်းတံခွန်စိုက် ဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာ ပြေးခုန်ပစ်အဖွဲ့သည် ဧပြီ ၂၅ ရက် အပြီးတွင် ရွှေတံဆိပ်တစ်ခု၊ ကြေး တံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ပါဝင်ယှဉ်ပြိုင်

မြန်မာပြေးခုန်ပစ်အဖွဲ့ အတွက် ရွှေတံဆိပ်ဆုကို ကီလိုမီတာ ၂၀ လမ်း လျှောက်ပြိုင်ပွဲမှ ကေခိုင်မျိုးထွန်းက ဆွတ်ခူးရယူပေးခဲ့ခြင်းဖြစ်ပြီး ငွေ တံဆိပ်နှင့် ကြေးတံဆိပ်တို့ကိုမူအိမ်ရှင် ထိုင်းကစားသမားများက ရရှိသွားကြ သည်။ မီတာ ၄၀၀ အပြေးပြိုင်ပွဲ တွင် ယဉ်ယဉ်ခိုင်က ကြေးတံဆိပ်ရရှိ ခဲ့ပြီး ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဆုများ ကို တရုတ်ကစားသမားများက ဆွတ်ခူး ခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို အာရှမှ တောင်ကိုရီးယား၊ တရုတ်၊ ဥဇ္ဗက်ကစ္စတန်၊ တရုတ် (တိုင်ပေ)၊ တာဂျစ်ကစ္စတန်၊ သီရိလင်္ကာ၊ အီရန်၊ အရှေ့တောင်အာရှမှ အိမ်ရှင်ထိုင်း၊ မလေးရှား၊ မြန်မာ၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ စင်ကာပူနှင့် အင်ဒို နီးရှား စုစုပေါင်း ၁၅ နိုင်ငံ ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် သည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပ ပြုလုပ်မည့် (၂၆)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး ယခုပြိုင်ပွဲကို လည်း နိုင်ငံတကာအတွေ့အကြုံ ကောင်းများ ရရှိစေရန်နှင့် အရှေ့ တောင်အာရှ ပြိုင်ဘက်နိုင်ငံများ၏ အခြေအနေများကို သိရှိနိုင်ရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်ပြည်တစ်ဝန်း နေ့အပူချိန်များလျော့နည်းမည်

နေပြည်တော် ဧပြီ ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယား ပြည်နယ်တွင် နေရာအနှံ့အပြား၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ် နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာ ကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီ စင်တီဂရိတ်အထိပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ မကွေး တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ် တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း တို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော် တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၂၆ ရက်ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုး ထစ်ချုန်းရွာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန် ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါ တစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံး တွင် နေ့အပူချိန်များ လျော့နည်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာ မည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်း အဝေးကို ဧပြီ ၁၀ ရက်က ဗဟန်း မြို့နယ် ရွှေဂုံတိုင်လမ်းရှိ ဘိုကလေး မြို့နယ်ဓမ္မာရုံ၌ကျင်းပရာ တက္ကသိုလ် ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသား အား အသင်းဝင်တစ်ဦးက ဂုဏ်ပြု ဆုချီးမြှင့်စဉ်။ (၀၅၆)

SSA (ဝမ်ဟိုင်း)အဖွဲ့၏ အကြမ်းဖက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၅

SSA (ဝမ်ဟိုင်း)အဖွဲ့သည် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်လုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် မန်ပိန်းရွာတွင်နေထိုင်သူ လားဟူတိုင်းရင်းသား မောင်ဇာနည်ထွန်း အသက် ၁၆ နှစ်သည် ဧပြီ ၂၁ ရက်တွင် မိုင်းကောင်ဈေးမှပြန်လာစဉ် ညနေ ၃ နာရီအချိန်ခန့်၌ ရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် SSA(ဝမ်ဟိုင်း) အဖွဲ့၏ အကြမ်းဖက်ပစ်ခတ်မှုကြောင့် ဘယ်ဘက်လက်ပြင်နှင့်ချိုင်းအောက်တို့တွင် ဒဏ်ရာရရှိခဲ့သည်။

လိုက်လံရှင်းလင်း

အဆိုပါ ဒဏ်ရာရလူနာအား တာဝန်ရှိသူများက တန့်ယန်းပြည်သူ့ဆေးရုံမှတစ်ဆင့် လားရှိုးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိကြောင်းနှင့် ၄င်း SSA (ဝမ်ဟိုင်း)အဖွဲ့အား မိမိတပ်မတော်က လိုက်လံရှင်းလင်းလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်စေချင်ပါသည်

ဦးတင်ထွန်းအုန်း (တရားရုံးချုပ်ရှေ့နေ)

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၆) ဖြင့် ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့က ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်ဟု အခန်း(၁)၊ ပုဒ်မ(၁)တွင် ပြဋ္ဌာန်းထားပါသည်။

အာဏာသက်ရောက်

ဤပြဋ္ဌာန်းချက်အရ ***ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ***သည် ၂၀၀၇ ခုနှစ် မေလ ၄ ရက်နေ့တွင် အာဏာသက်ရောက်နေပြီးဖြစ်ရာ ယနေ့ဆိုလျှင် အာဏာသက်ရောက်ခဲ့သည်မှာ သုံးနှစ်ကျော်လွန်ခဲ့ပြီးဖြစ်ပါသည်။

သို့သော် နိုင်ငံအနှံ့ စီးကရက်လိုက်လံရောင်းချနေသော ကားနီ၊ ကားဖြူ၊ ကားဝါများသည် မိမိတို့ထုတ်လုပ်ရောင်းချသည့် ဆေးလိပ်များကို ရောင်းချပေးသည့်ဆိုင်များသို့ ဗာ (Packet) အလိုက် ရောင်းချလျက်ရှိသည်။ စီးကရက်များကို လက်ကားရရှိသော ဆိုင်များမှတစ်ဆင့် လမ်းဘေး ကွမ်းယာဆိုင်များ၊ လက်ပွေ့သမား ကွမ်းယာ၊ဆေးလိပ်ရောင်းသူများသို့ လက်လီရောင်းချကြသည်။ ဗန်းကို လည်ပင်းတွင်ဆွဲကာ လက်ပွေ့ရောင်းချသူများကလည်း မီးပွိုင့်များတွင် မီးနီ၍ ရပ်ထားသောကားများသို့ ရောင်းချလေ့ရှိကြသည်။

ဆိုးညစ်စေ

ထိုကားကိုမောင်းသူ ယာဉ်မောင်းအချို့နှင့် ကားပေါ်တွင်ပါလာသူ ခရီးသည်အချို့ကလည်း လမ်းပြမီး နီတုန်းနီခိုက် ကတိုက်ကရိုက် ဝယ်ယူလေ့ရှိကာ ကားပေါ်၌ပင် ဆေးလိပ်သောက်ကြသည်။ ဆေးရွက်ကြီးပါသည့် ကွမ်းယာကိုစားကြသည်။ လမ်းမကြီးပေါ်သို့ ထွေးချထားသော ကွမ်းတံတွေးများမှာ မြို့ပြ၏သရုပ်ကို ဆိုးညစ်စေသည်။

တွေ့မြင်ရ

အားကစားပွဲများ (အထူးသဖြင့် ဘောလုံးပွဲများ)တွင် ပွဲကြည့်ပရိသတ်အား ဆေးလိပ်၊ ကွမ်းယာလိုက်လံရောင်းချနေသည်ကို တွေ့မြင်နေရသည်။ MNL ဘောလုံးပြိုင်ပွဲများတွင် ထိုသို့ရောင်းချနေသည်ကို တီဗွီမှန်သားပေါ်တွင် တွေ့မြင်နေရသည်။ အချို့သော ဆေးလိပ်၊ ကွမ်းယာရောင်းချနေသူများမှာ အရွယ်မရောက်သေးသူကလေးများဖြစ်နေသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရသည်။

ရောင်းချ

ကျွန်တော်သည် ၂၀၀၉ခုနှစ်က ပြင်ဦးလွင်သို့ မန္တလေးရထားဖြင့် သွားရာတွင် ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဘီယာများကို မီးရထားတွဲစဉ်အလိုက် လိုက်လံရောင်းချနေသူ လူငယ် လူရွယ်ကို တွေ့ရသည်။ ၎င်းတို့သည် မီးရထားကြီး အရှိန်ပြင်းစွာ မောင်းနှင်နေဆဲမှာပင် ခရီးသည်များအား အားနာရကောင်းမှန်းမသိဘဲ တွဲတံခါးမှ ကျော်တက်ခြင်း၊ ပြတင်းပေါက်များမှ အတင်းတိုးဝင် တိုးထွက်ခြင်းတို့ဖြင့် ရောင်းချခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ကျွန်တော်တို့ သထုံဘူတာမှ တက်စီးသူအချို့ကလည်း စီးကရက်၊ ကွမ်းယာ၊ အရက်၊ ဘီယာများကိုဝယ်၍ သောက်ကြသည်။ အရက်၊ ဘီယာများကို မိမိကြိုက်၍ သောက်သည်ကို အပြစ်ဆိုရန်မရှိပါ။ သူတစ်ပါးကို မထိခိုက်ပါ။

ပေါ်ထွက်ခဲ့

သို့သော် ဆေးလိပ်သောက်သူများမှ မှုတ်ထုတ်၍ ထွက်ရှိလာသော ဆေးလိပ်မီးခိုးငွေ့များက တစ်တွဲတည်းစီး ခရီးသည်တို့၏ကျန်းမာရေးကို ချက်ချင်းထိခိုက်စေပါသည်။ ဆေးလိပ်မသောက်သူများ၏ ချောင်းဆိုးသံ တဟွတ်ဟွတ်တို့မှာ ကျွန်တော်စီးလာသည့် တစ်တွဲလုံးနီးပါး ပေါ်ထွက်ခဲ့ပါသည်။

အဆိုပါ ဥပဒေကို ပြဋ္ဌာန်းရခြင်းမှာ ***ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်***ပင် ဖြစ်ပေသည်။

သထုံ-မန္တလေးအမြန်ရထားကြီးပေါ်တွင် ကျွန်တော်နှင့်တကွ ဆေးလိပ်မသောက်သောသူတို့မှာ ဆေးလိပ်မီးခိုးငွေ့ကို မိမိတို့က မသောက်ကြသော်လည်း တစ်ဆင့်ခံ ရှူရှိုက်ခဲ့ကြရသည်။

ခံစားရ

ဤမျှနှင့် မပြီးသေးပါ။ မန္တလေးမှ ပြင်ဦးလွင်သို့အတက် မှန်လုံအမြန်ကားကြီးကိုစီးရာတွင်လည်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းနှင့် ကွမ်းစားခြင်းကြောင့် ကွမ်းတံတွေးအစွန်းခံရခြင်း၊ ဆေးလိပ်ငွေ့ ရှူရှိုက်ရခြင်းတို့ကို ခံစားရပြန်သည်။

ပြင်ဦးလွင်မှ ဘားအံသို့ အပြန်ခရီးတွင်လည်း ထိုနည်းလည်းကောင်း ဖြစ်ပေသည်။ ဝိတ္တာချဲ့၍ ရေးရန်လည်းလိုမည် မဟုတ်တော့ပေ။

ယမန်နှစ် (၂၀၁၀)ခုနှစ်က နေပြည်တော်သို့သွားရန် အကြောင်းပေါ်၍ ဘားအံမှ ရန်ကုန်၊ ရန်ကုန်မှ နေပြည်တော်သို့ မှန်လုံအမြန်ကားကြီးဖြင့် သွားရာတွင်လည်းကောင်း၊ အပြန်ခရီးစဉ်တွင်လည်းကောင်း ခရီးသည်အချို့မှာ ကားပေါ်တွင် ဆေးလိပ်သောက်၊ ကွမ်းစားကြသည်။

တားမြစ်

ကားစီးသူခရီးသည် ဖောက်သည်များ (Customers)၏ အလိုကို လိုက်နာရမည်ဟု ကားပိုင်ရှင်များ၊ ကားအသင်းများက ညွှန်ကြားထား၍လားတော့ မသိပါ။ ယခုကဲ့သို့ ပြဋ္ဌာန်းဥပဒေကို ဖောက်ဖျက်နေသူများအား ယာဉ်နောက်လိုက် (စပါယ်ယာ)များက မြင်တွေ့နေပါလျက် တစ်စုံတစ်ရာ တားမြစ်သည်ကို မတွေ့ရပါ။

တွေ့မြင်

ကားပေါင်းများစွာ ခေတ္တခဏရပ်နားသည့် ပဲခူး၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံစသည့် ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများ၊ အဝေးပြေးကားဂိတ်တို့၏ အဆောက်အအုံများဖြစ်သည့် လူအများဝင်ထွက်သွားလာနိုင်သော နေရာများသည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်သည်။ သို့ရာတွင် ထိုနေရာများ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများ စီမံထားရှိရမည်ဟူသော ဥပဒေပြဋ္ဌာန်းသည့်အတိုင်း သတ်မှတ်ပေးရန်လည်း လိုအပ်နေပေသည်။ သက်ဆိုင်ရာကလည်း လိုက်နာကြပ်မတ်ပေးရန် လိုသည်ဟုထင်ပါသည်။

ဆေးလိပ်သောက်ခွင့်ရှိသော နေရာများမှာ ထိုဆိုခဲ့သော နေရာများတွင် ရှိကောင်းရှိမည်ဖြစ်သော်လည်း လူအများစုက မလိုက်နာ မကျင့်သုံးကြသေးသည်ကို တွေ့မြင်နေရပါသည်။

ပြည်သူများလိုက်နာ

နိုင်ငံတော်အစိုးရက နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် ပြဋ္ဌာန်းထားသောဥပဒေကို ပြည်သူများက လိုက်နာကျင့်သုံးသင့်ပေသည်။ ပြည်သူများက လေးစားလိုက်နာမှုမရှိလျှင် ဥပဒေသက်သက်သာဖြစ်နေပေမည်။

ကုသိုလ်ရ

သို့ဖြစ်၍ အများပြည်သူ ကျန်းမာရေးအတွက် ***ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ***ကို တိကျစွာ လိုက်နာသင့်ပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ကျန်းမာရေးကို စောင့်ရှောက်စေချင်ပါသည်။ များစွာကုသိုလ်ရသော လုပ်ဆောင်ချက်ဖြစ်ပါသည်။ ။

တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဌေးဌေးဝင်း ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဧပြီ ၅ ရက်က တာလေမြို့ မြေငလျင်ဒဏ်သင့်ပြည်သူများ ယာယီတည်းခိုရေးစခန်းသို့ သွားရောက်ပြီး ငွေကျပ်သုံးသိန်းတန်ဖိုးရှိ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းကာ အားပေးစကားပြောကြားစဉ်။ (ဝ၆ဝ)

သီးနှံခြောက်မျိုးမှ အဆီထုတ်၍ လောင်စာအဖြစ်အစားထိုးနိုင်ရန် စမ်းသပ်ဆောင်ရွက်နေ

ရန်ကုန် ဧပြီ ၂၅

ပြည်တွင်းမှထွက်ရှိသော နေကြာ၊ အုန်း၊ ချဉ်ပေါင်၊ သင်းဝင်ဖြူ၊ နှမ်းနှင့် ပင်လယ်နှမ်းခေါ် မိကျောင်းကွမ်းဖတ်တို့မှ ထွက်ရှိသောအဆီကို လောင်စာဆီအဖြစ် ရော၍ထွန်းပါက မီးထွန်းခံကြောင်း သိရသည်။

ဆောင်ရွက်သွားမည်

အဆိုပါသီးနှံခြောက်မျိုးမှ ထွက်ရှိသောအဆီကို မီးထွန်းညှိနိုင်သည့်အပြင် အင်ဂျင်များအတွင်း ထည့်သွင်းသုံးစွဲသွားနိုင်ရန် စမ်းသပ်လျက်ရှိပြီး စမ်းသပ်မှုအောင်မြင်ပါက ကျေးလက်ဒေသများအတွက် အထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံနှင့်ဘိုကလေးမြို့တို့တွင် စမ်းသပ်ဆောင်ရွက်နေကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ထူထောင်ထားရှိမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဧပြီ ၁ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

လပွတ္တာမြို့ အမှတ်(၆)ရပ်ကွက် နှင်းဆီလမ်းတစ်လျှောက် မိုးရာသီကာလတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အုတ်ရေမြောင်း ပြုလုပ်ခြင်းကို ဧပြီ ၇ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့်အဖွဲ့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ယုဇနလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ် (၄)ရပ်ကွက် သောက်သုံးရေရရှိရေးအတွက် မြို့မှ ၁၂မိုင် ၆ ဖာလုံအကွာတွင် တည်ရှိသော တလန်လဲင်းစိမ့်စမ်းရေထွက်မှု ပင်မပိုက်လိုင်းများ ပြုပြင်ခြင်းကို မတ် ၅ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာနှင့် ချောင်းဝကျေးရွာ ဆက်သွယ်သည့် တံတားချဉ်းကပ်လမ်း မြေသားဖို့ခြင်းလုပ်ငန်းကို ဧပြီ ၅ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

26-4 (15).pmd 1 4/26/2011, 3:32 AM

စာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းရီ ၁၂/ဥကတ(နိုင်)၀၈၅၆၄၃၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းရီက ဦးမြင့်သောင်း ဂရန်အမည်ပေါက် အမှတ်(၃၈၆/က)၊ မောင်းမကန်ကမ်းသာယာလမ်း၊ (၁၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အိမ်နှင့်မြေအား ဝယ်ယူပိုင်ဆိုင်ကာ ယနေ့တိုင်လက်ဝယ်ထားသုံးစွဲနေထိုင်လျက်ရှိပြီး ယင်းအိမ်/မြေ၏ဂရန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများမှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက လာရောက်ပေးအပ်ပါရန်နှင့် အဆိုပါဂရန်မူရင်းအား ရောင်းချခြင်း၊ ပေါင်ခြင်း၊ လွှဲပြောင်းခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စန်းရီ၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဒေါ်တင်တင်ရီ (LL.B) (စဉ်-၆၄၆၄) တရားရုံးချုပ်ရှေ့နေ

ဦးထက်နေဝင်း (LL.B) (စဉ်-၂၅၂၅၃) အထက်တန်းရှေ့နေ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အမှတ် ၃၂၊ အာဇာနည်လမ်း၊ စတုတ္ထထပ်၊ ငါးလွှာ၊ အကျယ်ပေ(၂၀×၄၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရင်မေ ၁၂/ကမတ(နိုင်)၀၀၅၄၉၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၈၄၇၈)
Legal Consultant
ပြည်တော်သစ် အိမ်ခြံမြေနှင့်ဥပဒေအကြံပေးလုပ်ငန်း
အမှတ် ၁၂၉/၄၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း-၇၂၂၆၈၂၊ ၀၉-၅၁၄၅၅၈၉၊ ၀၉-၅၄၀၁၁၄၈၊ ၀၉-၅၀၅၁၇၈၅။

စီးပွားပန်းခင်း
ဘာသာစကားကျွမ်းကျင်မှု
ENGLISH
Tr. Wilfred
CHINESE
JAPAN KOREA MALAY
(7.5.2011)
BEST
Computer
09-73009869-73028433-73013432-5118647

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် ငပုတောမြို့နယ်၌ လှူဒါန်း

ငပုတော မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးခန်းမ၌ မေ ၇ ရက် နံနက် ၉ နာရီက မြို့နယ်ရုံးစာကြည့်တိုက်အတွက် စာအုပ်စာစောင်၊ ပရိဘောဂနှင့် ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကျင်းပသည်။

လှူဒါန်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက ငွေကျပ် တစ်သိန်းခွဲတန်ဖိုးရှိ မှန်ဗီရိုတစ်လုံး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းညွန့်က စာတွဲစင်တစ်ခု၊ မြို့နယ်ဌာနဆိုင်ရာအသီးသီးမှ မြို့နယ်စာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ် ၅၇၀၀၀၊ ပလတ်စတစ်ထိုင်ခုံသုံးလုံး၊ ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိသော သုတရသစာအုပ်စာစောင်နှင့် ဂျာနယ်မျိုးစုံကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးက လက်ခံယူသည်။ **(အပေါ်ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် ကိုင်းကျေးရွာ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်လှူဒါန်း

ပခုက္ကူ မေ ၂၄

ပခုက္ကူမြို့နယ် ကိုင်းကျေးရွာအုပ်စု ကိုင်းကျေးရွာ တိုက်နယ်ဆေးရုံ၌ မေ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ဆေးပဒေသာပင် လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးတို့က အမှာစကားပြောကြားပြီး အလှူရှင် ၅၁၅ ဦးတို့ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၂၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး**(အပေါ်ပုံ)**က လက်ခံယူသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကိုင်းတိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့အတွက် ဆေးပဒေသာပင် လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းမောင်တို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(၁၀၂)

မြို့နယ်သတင်း ထွေတလာ

နွေစပါးကေ ၁၀၀ ကျော် နွားထိုးကြီး၌ စိုက်ပျိုးပြီးစီး

နွားထိုးကြီး မေ ၂၄

နွားထိုးကြီးမြို့နယ် နွေစပါးကေ ၆၇၀ စိုက်ပျိုးရန်အတွက် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့၏ဦးဆောင်မှုနှင့် ပျိုးထောင်ပြီးစီးပြီဖြစ်ရာ ယခုအခါ စိုက်ရေအဖြစ် ဧးတောဆည်၊ ပြောင်းပြာဆည်၊ ခက်လန်းဆည်၊ ကန်နားကန်နှင့် ဝက်လူးကန် ရေများဖြင့် ပေးဝေနေပြီဖြစ်သည်။

ကွင်းဆင်းကြီးကြပ်

ယခုအထိ ကေ ၁၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး ဦးဆောင်သော စိုက်/ညှိအဖွဲ့က ကွင်းဆင်းကြီးကြပ်ကြသည်။ *(၀၁၈)*

i Pad 2 ပြည်တွင်းဈေးကွက်သို့ ရောက်ရှိ

ရန်ကုန် မေ ၂၅

Apple ကုမ္ပဏီက အသစ်ထုတ်လုပ်လိုက်သော ဒုတိယမျိုးဆက်သစ် Touch Screen Tablet ကွန်ပျူတာဖြစ်သော i Pad 2 ပြည်တွင်း၌ ယခုနှစ် မတ်လတွင် စတင်ဝင်ရောက်ခဲ့သည်။

ပိုမိုကောင်းမွန်

i Pad 2 တွင် Wifi နှင့် Wifi +3G အမျိုးအစားနှစ်မျိုးကို ထုတ်လုပ်ထားပြီး သိုလှောင်သိမ်းဆည်းနိုင်စွမ်းအရ 16 GB, 32 GB နှင့် 64GB ဟူ၍ သုံးမျိုးထုတ်လုပ်ထားသည်။ i Pad 2 တွင် မူလ i Pad များနှင့် အရွယ်အစား ကွားခြားချက်မရှိသော်လည်း i Pad 2 မှာ ပိုမိုပါးလွှာပြီး အလေးချိန်မှာလည်း ယခင် i Pad များထက် ပိုမို ပေါ့ပါးသောကြောင့် သယ်ဆောင်ရလွယ်ကူပြီး အသုံးပြုထားသော OS စနစ်မှာ Version 4.3 မှ စတင်ဝင်ရောက်လာသကဲ့သို့ CPU စနစ်မှာလည်း ပိုမိုကောင်းမွန်လာခဲ့ကြောင်း သိရှိရသည်။

အသုံးပြုနိုင်

i Pad2 ၏ အိတ်များမှာ စက်ကို Magnetic နှင့် တွဲဆက်ထားသည့်အတွက် i Pad များမှာ Screen မပိတ်ဘဲလင်းနေသဖြင့် ဘက်ထရီကုန်သွားမှုများ မဖြစ်နိုင်တော့ဘဲ အပြင်ဖုံးကို ပိတ်လိုက်သည်နှင့် i Pad ကိုပါ တစ်ခါတည်း ပိတ်ပြီးသားဖြစ်စေရန် ထုတ်လုပ်ထားသည်။ i Pad 2 တွင် ကင်မရာ စတင်ပါဝင်လာခဲ့ကာ Dual ကင်မရာစနစ်ဖြစ်ခြင်းကြောင့် Video Calling စနစ်များအတွက် အသုံးပြုနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မြို့နယ်စည်ပင်နှင့် ဈေးသူဈေးသားများ ပူးပေါင်းပြင်ဆင် ဆောက်လုပ်ခဲ့သည့် အသားရောင်းရုံဖွင့်ပွဲကို မတ် ၂၈ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

အကြိမ် (၆၀) မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၂၅

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဓာတုဗေဒဌာနမှ ကထိက ဒေါက်တာမျိုးမင်း(လူမှုထူးချွန် တတိယဆင့်) **(အပေါ်ပုံ)**သည် မတ် ၁၀ ရက်က ဗဟိုအမျိုးသားသွေးဌာန၌ စေတနာအလျောက် အကြိမ်(၆၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်ပင်-ဟသ်္သာတ-ရန်ကုန် တိုက်ရိုက်မော်တော်ယာဉ်လိုင်းသစ်ဖွင့်

မြန်အောင် မေ ၂၂

မြန်အောင်မြို့နယ် အင်ပင်-ဟသ်္သာတနှင့် ရန်ကုန်တိုက်ရိုက်ပြန်ပေးဆွဲမည့် ရိုးမမောင် မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို အင်ပင်ကားဂိတ်၌ မတ် ၁၆ ရက် နံနက်က ကျင်းပသည်။ အင်ပင်ကားဂိတ်နှင့် ဒဂုံဧရာ ကားဂိတ်တို့မှ နေ့စဉ် အသွားအပြန် ကားလေးစီး ပြေးဆွဲမည်ဖြစ်သည်။ ယခင် ပြေးဆွဲနေသည့် မြန်အောင်-ပြည်-ရန်ကုန် ခရီးနှင့် နှိုင်းယှဉ်လျှင် ယခုခရီးစဉ်မှာ လမ်းမိုင် ၇၀ ခန့် သက်သာကြောင်း သိရှိရသည်။ (၂၀၂)

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများနှင့် ရာသီဥတုပူပြင်းလွန်း၊ အေးလွန်းသောကာလများတွင် တိရစ္ဆာန်များ၌ ကိုယ်ခံစွမ်းအားကျဆင်း၍ ရောဂါဖြစ်ပွားလေ့ရှိပါသည်။ တိရစ္ဆာန်များတွင်ကူးစက်ရောဂါမဖြစ်ပွားရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ကာကွယ်ဆေးများကို ကြိုတင်ထိုးထားရန်နှင့် ကူးစက်ရောဂါဖြစ်ပွားပါက အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

၁။ တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားလျှင်ဖြစ်စေ၊ ကူးစက်ရောဂါဖြစ်သည်ဟု မသင်္ကာလျှင်ဖြစ်စေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်သို့ အမြန်အကြောင်းကြားပါ။

၂။ ကူးစက်ရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့်အတူနေ တိရစ္ဆာန်ကို သီးသန့်ခွဲခြားထားပါ။ ရောင်းချခြင်း၊ အခြားနေရာသို့ သယ်ဆောင်ခြင်း မပြုရ။

၃။ ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်နှင့် အစိတ်အပိုင်း တစ်စုံတစ်ရာကို သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရ။

၄။ ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်နှင့် အညစ်အကြေးများ၊ စားကြွင်းစားကျန်များ၊ အသုံးအဆောင်ပစ္စည်းများကို မြေမြှုပ်မီးရှို့၍ ဖျက်ဆီးပါ။ ရေမျှောခြင်း၊ မြစ်ချောင်းနှင့် ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်းမပြုရ။ ပြန်လည်အသုံးပြု၍ရသော အသုံးအဆောင်ပစ္စည်းများကို ပိုးသတ်သန့်စင်ပြီးမှ ထပ်မံအသုံးပြုပါ။

၅။ ကူးစက်ရောဂါဖြစ်ပွားသောခြံကို သန့်ရှင်းခြင်းနှင့် မွေးမြူရေးလုပ်ငန်းသုံး ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပါ။

၆။ ပတ်ဝန်းကျင်ရှိ မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို မြှင့်တင်ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကိုအခြေခံ မိမိတို့လုပ်ငန်းစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး တစ်ဦးချင်းကြိုးစားလုပ်ကိုင်

တစ်ဦးချင်းဘဝ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်

နေပြည်တော် ဧပြီ ၂၅

ပုဂံ - ညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦး လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆို

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် *စာမျက်နှာ ၅ ကော်လံ ၁* ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရောဝတီတံတား(ညောင်တုန်း) စီမံကိန်းရှင်းလင်းဆောင်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)